## ဓမ္မဒါနကုသိုလ်ရှင်

နတ်လူသာဓုခေါ်စေသော်

**အောင်ဓမ္မူ ပုံနှိပ်လုပ်ငန်း**
အမှတ်(၁၅၂)၊ (၂၂)လမ်း၊ လသာမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း ၀၁-၃၈၄၁၉၃

DHAMMAVIJJALAYA
2546 2003
CENTRE FOR BUDDHIST STUDIES

ဓမ္မအသိဖြင့် အကျိုးရှိရှိနေမည်

အမှတ်စဉ်(၃၈)

# အတ္တာ ဟိ အတ္တနော နာထော

အဂ္ဂမဟာ ပဏ္ဍိတ
အရှင်နန္ဒမာလာဘိဝံသ (Ph.D)

ဒေါက်တာ အရှင်နန္ဒမာလာဘိဝံသ

# အတ္တာဟိအတ္တနောနာထော

သာသနာရေးဝန်ကြီးဌာန
သာသနာရေးဦးစီးဌာန၏ ခွင့်ပြုချက်
စာအမှတ် ၁၁၉/၀၁/(ပုံနှိပ်) သသန-၁၀ အရ
၂၀၁၀ ခုနှစ်၊ အောက်တိုဘာလ၊ ပထမအကြိမ်၊ အုပ်ရေ-၁၀၀၀

ထုတ်ဝေသူ
သာသနာရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးဝင်းနိုင်
မှတ်ပုံတင်အမှတ်(၀၃၈၄၃/၀၂၄၀၅) က ပုံနှိပ်ထုတ်ဝေသည်။

မျက်နှာဖုံးဒီဇိုင်း၊ အတွင်းဖလင်နှင့်ပုံနှိပ်
အောင်ဇမ္ဗူပုံနှိပ်တိုက်
အမှတ် ၁၅၂ (၂၂)လမ်း၊ လသာမြို့နယ်၊ ရန်ကုန်။

တရားအလှူတော် မှတ်တမ်း

“အတ္တာ ဟိ အတ္တနော နာထော”

တရားတော်

သာသနာတော်နှစ် ၂၅၅၂-ခုနှစ်၊
ကောဇာသက္ကရာဇ် ၁၃၇၀-ပြည့်နှစ်၊
တပို့တွဲလပြည့်ကျော် ၅-ရက်

ရန်ကုန်တိုင်း ရန်ကင်းမြို့နယ်၊ အမှတ် ၆-ရပ်ကွက်
သာသနာ့ဗိမာန်ဓမ္မာရုံကြီးဝယ်
ပထမအကြိမ်ဆင်ယင်ကျင်းပပြုလုပ်သည့်
ဓမ္မသဘင်အထူးတရားပွဲ၌
တိုက်အမှတ် ၂၃၃-နေ ကွယ်လွန်သူ နှစ်ဘက်သော
မိဘများနှင့် သားဦးဇော်ထွဋ်နိုင်အား ရည်စူး၍
လှူဒါန်းပူဇော်အပ်သည့်
ဦးခင်မောင်ဌေး + ဒေါ်ခင်မြရင်မိသားစုတို့၏
အမတဒါန ဓမ္မဒါနအဖြစ် ဟောကြားတော်မူသည်။

## "အတ္တာ ဟိ အတ္တနော နာထော"

"**အတ္တာ ဟိ အတ္တနော နာထော**"ဟု လူတိုင်း ကြားဖူးနေကြလိမ့်မယ်၊ "**အတ္တာ ဟိ အတ္တနော နာထော**" ဆိုတာ "မိမိသာလျှင် မိမိ၏ ကိုးကွယ်ရာ ဖြစ်တယ်"လို့ အဓိပ္ပါယ်ရတယ်၊ ဒါက မြတ်စွာဘုရား ဟောကြားတဲ့စကား ဖြစ်တယ်၊ လောကလူသားတွေက အဲဒီအတိုင်း မိမိသာလျှင် ကိုးကွယ်ရာဟု ဒီလို သတ်မှတ်ကြသလားဆိုတော့ မဟုတ်ဘူး၊ မိမိမှ တစ်ပါး အားကိုးရာတစ်ခုရှာပြီး ထားကြတယ်၊ ဘယ်သူ့ကို အားကိုးကြသလဲ? မိဘကို အားကိုးကြတယ်၊ မိတ်ဆွေသင်္ဂဟတွေကို အားကိုးကြတယ်၊ ဆွေမျိုးသားချင်းတွေကို အားကိုးကြတယ်၊ ကိုယ်နှင့် ခင်မင်ရာပုဂ္ဂိုလ်တွေကို အားကိုးကြတယ်၊ အားမကိုးကြဘူး

လား၊ မြတ်စွာဘုရားက "ငါ့ အားကိုးကြ" လို့ ဟော
တာရော ရှိရဲ့လား၊ မရှိပါဘူး၊ သို့သော် လူတွေက
ဘာကို အားကိုးရာရှာကြသလဲဆိုရင် ကိုယ်ရဲ့မိသားစု
ထဲက ပုဂ္ဂိုလ်တစ်ဦးဦးကို အားကိုးရာ ရှာနေကြတယ်၊
ပုဂ္ဂိုလ်ဆိုတာ တကယ်အားကိုးရာ ဟုတ်ကဲ့လား၊
တကယ်အားကိုးရာ မဟုတ်ပါဘူး၊ မြတ်စွာဘုရားက
ထာဝရအားကိုးရာဟာ ကိုယ့်ကိုယ်ကိုသာ ဖြစ်တယ်
လို့ ထိုထိုသုတ္တန်တွေမှာလည်း ဟောထားတာပဲ။

**"အတ္တဒီပါ"** ဆိုတာ ကိုယ့်ကိုယ်ကို အားကိုးကြ, သူများကို အားမကိုးကြနဲ့ လို့ ပြောတာ၊ တကယ်တော့ အားကိုးရာအစစ်ဟာ မိမိမှတစ်ပါး ဘယ်သူမှ အားကိုးရာအစစ် မဖြစ်နိုင်ဘူး၊ ဘာဖြစ်လို့လဲဆိုရင် လောကကြီးမှာ လူရယ်လို့ ဖြစ်လာလျှင် "ကိုယ့်ဝန် ကိုယ်ထမ်း" "ကိုယ့်အား ကိုယ်ကိုး" "ကိုယ့်လမ်း ကိုယ်လျှောက်" "ကိုယ့်စခန်း ကိုယ်ရောက်" တာပဲ မဟုတ်လား။

## ကြံ့တွေး ကြည့်ပါ

နည်းနည်းလေး ကြံ့တွေးပြီးကြည့်၊ ဒီဘဝ စုပြုံပြီး ရောက်လာကြတယ်၊ ညီအစ်ကိုမောင်နှမတွေ ဖြစ်လာကြတာ၊ အဲဒီမိသားစုဝင်တွေဟာ ဒီအိမ်ကို တိုင်ပင်ပြီး ရောက်လာကြတာလား, ကိုယ့်ဟာကိုယ် ရောက် လာကြတာလား? ပြန်ထွက်တော့လည်း မင်းက အရင်သွားနှင့် ငါက နောက်မှ လိုက်မယ်လို့ တိုင်ပင်ပြီး ထွက်သွားကြတာလား? တကယ်စဉ်းစား ကြည့်ရင် ဘဝဟာ ဘာနဲ့ ဥပမာတူသလဲဆိုရင် မီးရထားနဲ့ တူတယ်၊ မီးရထားစီးဖို့ဆိုရင် လက်မှတ် ဝယ်ရတယ်၊ လက်မှတ်ပေါ်မှာ ထိုင်ခုံနံပါတ် တွဲနံပါတ်တွေ ရေးထားတယ်၊ ကိုယ်စီးရမယ့် တွဲနံပါတ်နှင့် ထိုင်ခုံနံပါတ် ရေးထားတာကို လိုက်ရှာရလိမ့်မယ်၊ တွဲနံပါတ်နှင့် ထိုင်ခုံနံပါတ်တွေ့ရင် အဲဒီမှာ ထိုင်ရမယ်၊ သူများထိုင်နေရင်လည်း ဖယ်ခိုင်းတယ်၊ ကိုယ့်ဟာလို့ သတ်မှတ်လိုက်တယ်၊ ကိုယ်ပိုက်ဆံပေးထားတယ်ဆို ကိုယ်အခွင့်အရေးရတာပဲ၊ သူများ

လာထိုင်လို့ လက်မခံဘူး, ကိုယ်ပဲ ထိုင်တယ်၊ အဲဒီလိုထိုင်ပြီး မီးရထားပေါ် တက်စီးသွားလို့ ကိုယ်ဆင်းမယ့် ဘူတာရောက်ရင် တွဲပေါ်က ဆင်းသွားရတယ်၊ ကိုယ့်တွဲ ကိုယ့်မီးရထား ကိုယ့်ထိုင်ခုံ ဟုတ်သေးလား? မဟုတ်တော့ဘူး၊ ရထားပေါ်က ဆင်းပြီးတော့ ကိုယ့်လမ်း ကိုယ်လျှောက်သွားရတယ်၊ "ငါ့ထိုင်ခုံလေး ဘယ်သူ ထိုင်နေသလဲ" လို့ တွေးမိသေးလား? မတွေးမိပါဘူး။

မိသားစု အိမ်တစ်အိမ် - ရန်ကင်း ဆိုပါစို့ - ရပ်ကွက်ထဲက အိမ်တစ်အိမ်ကို စုရောက်လာကြတယ်၊ ကံပေးလို့ ဒီအိမ် ဒီမိသားစုထဲ ဝင်လာကြတယ်၊ အဲဒီလိုဝင်လာတဲ့အခါ အမေလုပ်တဲ့ပုဂ္ဂိုလ်နဲ့ ဆွေတွေမျိုးတွေက လာပါလို့ ခေါ်တာ ဟုတ်ရဲ့လား? မဟုတ်ပါဘူး၊ မြတ်စွာဘုရားက **"အနဝှိတော တတော အာဂါ"** တဲ့၊ မဖိတ်ခေါ်ဘဲ လာတာ၊ **"နာနုညာတော ဣတော ဂတော"** - ခွင့်မပြုဘဲ ဒီ

အိမ်က ထွက်သွားကြတာ၊ ဘယ်သူကမှ သွားတော့ မနေနဲ့လို့ ပြောတာ ရှိလား? မရှိပါဘူး။

အဲဒီလို တွေ့လာတဲ့အခါ တစ်ယောက်နှင့် တစ်ယောက် အားကိုးကြတယ် ဆိုတော့ ထာဝရ အားကိုးလို့ရော ရရဲ့လား? မရပါဘူး၊ ဆင်းရဲတဲ့အခါ မှာရော အားကိုးလို့ ရပ့်မလား? လဲကျရင် ထူရင် ထူပေးမှာပေါ့၊ ဝိုင်းပြီး မ,မှာပေါ့။ ကဲ အိုနေတာ ကို ဝိုင်းပြီးတော့ အိုပေးကြလို့ ရရဲ့လား? မရပါဘူး၊ ရောဂါဝေဒနာ ဖြစ်နေတယ် - တစ်ဦးတည်း ခံစားနေ ရတာ ပင်ပန်းလိုက်တာ၊ နည်းနည်းစီ မျှခံရအောင် ဆိုပြီး မျှခံလို့ ရလား? မရပါဘူး၊ ဩော် - လောက ကြီးဟာ အားကိုးလို့ မရဘူးဆိုတာ မထင်ရှားပေဘူး လား? ထင်ရှားတယ်၊ အိုခြင်းဆင်းရဲ, နာခြင်းဆင်းရဲ, နောက်ဆုံး သေခြင်းဆင်းရဲအတွက် ဘယ်သူ့အား ကိုးလို့ ရလဲ၊ အဲဒီတော့ အားကိုးလို့ ရတာ ဘယ်သူ လဲဆိုတော့ ကိုယ့်ကိုယ်ကိုပဲ။

## ကိုယ့်ကိုယ်ကို အားကိုး ဟူသည်

ဒါဖြင့် ကိုယ့်ကိုယ်ကို အားကိုး ဆိုတာ ဘာလဲ ဆိုရင် မြတ်စွာဘုရားက ကိုယ်ကျင့်သုံးတဲ့ ဓမ္မကို အားကိုးခိုင်းတာ၊ ရှင်သာရိပုတ္တရာ ပရိနိဗ္ဗာန်စံတော့ ညီတော်စုန္ဒက ရှင်သာရိပုတ္တရာရဲ့ သပိတ်သင်္ကန်း စတဲ့ ကျန်ရစ်တဲ့ ပစ္စည်းတွေကို ယူပြီး ရှင်အာနန္ဒနဲ့ မြတ်စွာဘုရားဆီ သွားကြတယ်၊ ရှင်အာနန္ဒက လျှောက်တယ်- "အရှင်ဘုရား - ရှင်သာရိပုတ္တရာ ပရိနိဗ္ဗာန်စံသွားပြီ ကြားတော့ စိတ်မကောင်းဖြစ် လိုက်တာ၊ အရှေ့ အနောက် တောင် မြောက် အရပ် မျက်နှာတွေတောင် မသိအောင် ဖြစ်နေပါတယ်၊ တရားဓမ္မတွေလည်း တပည့်တော်စိတ်ထဲ ပေါ်မလာ တော့ဘူး၊ တရားနှလုံးသွင်းလို့လည်း မရဘူး ဖြစ်နေ ပါတယ်"၊ သောတာပန်ပုဂ္ဂိုလ်ပေမယ့် စိတ်ဆင်းရဲမှု တွေ ဖြစ်နေတယ်၊ "အဲဒီလို ကြားရတော့ တပည့် တော် အင်မတန်မှ စိတ်ဆင်းရဲမှုတွေ ဖြစ်ပါတယ်"။

မြတ်စွာဘုရားက လမ်းကြောင်း ဖြောင့်ပေးတဲ့ အနေနဲ့ "နေပါဦး အာနန္ဒ- ရှင်သာရိပုတ္တရာ ပျံလွန်တဲ့အခါ မင်းဆီက သီလတွေ ပညာတွေ ပါသွားလို့လား" တဲ့၊ "အဲဒီလိုတော့ ပါမသွားပါဘူး" တဲ့၊ "ရှင်သာရိပုတ္တရာမထေရ်မြတ်က ဆုံးမတတ်တယ်၊ တရားဓမ္မတွေ ဟောတတ်တယ်၊ ပညာရှိတယ်၊ သူဟောပြောတဲ့ တရားဓမ္မကို နာရမယ့် အခွင့်အရေးတွေ ဆုံးရှုံးသွားလို့ပါ" တဲ့။

"အာနန္ဒ - သင်္ခါရတရားဆိုတာ ဘယ်ဟာမှ မမြဲဘူး၊ ကိုယ့်ကိုယ်ကို အားကိုးရမှာ, ပုဂ္ဂိုလ်ကို အားမကိုးနဲ့၊ ပုဂ္ဂိုလ်ကို အားကိုးရင် ထိုပုဂ္ဂိုလ်က မကြာခင်ပဲ ပျောက်ဆုံးသွားတတ်တယ်၊ ထိုအခါ အားကိုးစရာ မရှိတော့ဘူး"။

မြတ်စွာဘုရားလက်ထက်ကဆိုရင် ဘုရားကို ကြည်ညိုလို့ ဘုရားကို အားထားကြတယ်, ဘုရားပရိနိဗ္ဗာန်စံသွားတယ်၊ ရှင်သာရိပုတ္တရာကို အားကိုးကြတယ်, ရှင်သာရိပုတ္တရာ ပရိနိဗ္ဗာန်စံသွားတယ်၊

ရှင်အာနန္ဒကို အားကိုးကြတယ်, ရှင်အာနန္ဒ ပရိ-နိဗ္ဗာန် စံသွားတယ်၊ ပုဂ္ဂိုလ်ဆိုတာ ထာဝရအားကိုးလို့ မရဘူးတဲ့၊ အမြဲရှိနေတာက ဓမ္မပဲ၊ ကိုယ်ကျင့်သုံးနေတဲ့ဓမ္မဟာ ကိုယ်နဲ့အတူ ရှိနေတာပဲ၊ ဘဝသံသရာ ခရီးသွားတဲ့အခါ ကိုယ်တစ်ယောက်တည်း သွားရတာ၊ အဲဒါကြောင့် ကိုယ်နဲ့အတူ သွားတာဆိုရင် ဓမ္မသာ ဖြစ်တယ်။

မြတ်စွာဘုရားက "**အတ္တာ ဟိ အတ္တနော နာထော** - မိမိသည်သာလျှင် မိမိ၏ကိုးကွယ်ရာ" တဲ့၊ ကိုယ်ကျင့်သုံးထားတဲ့ တရားဓမ္မသည်သာလျှင် ကိုယ့်ရဲ့ကိုးကွယ်ရာ၊ ပုဂ္ဂိုလ်ဆိုတာ တကယ်အားဖြင့် ကိုးကွယ်ရာ မဟုတ်ဘူးတဲ့၊ အကူအညီလောက်သာ ရတာ။

မြတ်စွာဘုရားဟောတဲ့ ဂါထာအပြည့်အစုံက "**အတ္တာ ဟိ အတ္တနော နာထော၊ ကောဟိ နာထော ပရော သိယာ**" "မိမိသာလျှင် မိမိရဲ့ကိုးကွယ်ရာ ဖြစ်တယ်၊ မိမိမှတစ်ပါး တခြားပုဂ္ဂိုလ်သည် ကိုးကွယ်ရာ

ဘယ်မှာ ဖြစ်နိုင်မလဲ"၊ မဖြစ်နိုင်ဘူး၊ ဘာဖြစ်လို့ မဖြစ်နိုင်တာလဲဆိုရင် ကိုယ်ကိုယ်တိုင် မလုပ်ဘဲနဲ့၊ ကိုယ့်ကိုယ်ကို မဆုံးမဘဲနဲ့ ပေးလို့ ကမ်းလို့ ရတယ် ဆိုတာ မရှိနိုင်ပါဘူး၊ ကိုယ်ကိုယ်တိုင်ကျင့်သုံးမှ ကိုယ့် စိတ်ထဲ ဖြစ်အောင် လုပ်မှ ဖြစ်နိုင်တယ်၊ ထာဝရ ကိုယ်အားကိုးရမယ့်အရာဟာ ကိုယ့်ရဲ့တရားပဲ၊ ဟုတ်တယ်လေ၊ ကိုယ့်ရဲ့တရားကသာ ကိုယ်နဲ့ အမြဲ ရှိနေမှာ၊ ဒီပြင်အရာဟာ ကိုယ်နဲ့ အမြဲ မရှိနိုင်ဘူး။

မိဘတွေက သားသမီးတွေကို အားကိုးရမယ် ထင်နေတာ၊ သူတို့အလုပ်ကိုင်နှင့်သူတို့ တခြား ရောက်နေရင် အားကိုးလို့ ရမှာ မဟုတ်ဘူး၊ မိတ်ဆွေ တွေဆိုရင်လည်း သူတို့အလုပ်အကိုင်နဲ့ သူတို့၊ ကိုယ် လည်း ကိုယ့်အလုပ်အကိုင်နဲ့ ကိုယ်၊ ကိုယ်အားထား ရာဆိုတာ ကိုယ်ရဲ့တရားသာလျှင် ဖြစ်တယ်၊ ဘဝ ခရီးကို ဖြတ်သန်းသွားရာမှာ ကိုယ်နှင့်အတူ ရှိနေရ မယ့်အရာက တရားသာ ဖြစ်တယ်၊ ဒါ့ကြောင့် အား

ကိုးမှု မလွဲစေဖို့, လောကအမြင်နဲ့ မတူတဲ့ အမြင် တစ်ခုကို ဟောတာ။

**"အတ္တာ ဟိ အတ္တနော နာထော၊**
**ကော ဟိ နာထော ပရော သိယာ၊**
**အတ္တနာ ဟိ သုဒန္တေန၊**
**နာထံ လဘတိ ဒုလ္လဘံ။"**

"**အတ္တာ ဟိ** - မိမိကိုယ်တိုင်သာလျှင်", "**အတ္တ-နော** - မိမိရဲ့", "**နာထော** - ကိုးကွယ်အားထားရာ ဖြစ်ပေတော့သည်။"

အဲဒီလို စိတ်ထဲ မှတ်ထား၊ ဒီကြားထဲ သား အားကိုးရမလား, သမီးအားကိုးရမလား, ဆွေမျိုး အားကိုးရမလား၊ သွား မတွေးနဲ့၊ အားကိုးမှားသွား ရင် တကယ့်အချက်ကျ ဘယ်သူမှ မကယ်နိုင်ဘူး၊ အဲဒီတော့ အားကိုးရမှာက "**အတ္တာ ဟိ** - မိမိသာ လျှင်, **အတ္တနော နာထော** - မိမိရဲ့ကိုးကွယ်ရာအစစ် ဖြစ်၏"၊ မိမိမှတစ်ပါး သားပင်ဖြစ်စေ, သမီးပင်

ဖြစ်စေ, မိဘပင်ဖြစ်စေ အခြားဘယ်သူမှ ကိုးကွယ်ရာ မဖြစ်နိုင်ဘူး။

**“အတ္တနာ ဟိ သုဒန္တေန** - မိမိကိုယ်တိုင် ဆုံးမ၍ တရားဓမ္မကို ကျင့်သုံးနိုင်ခြင်းဖြင့်၊ **နာထံ** - တကယ်အားကိုးရာဖြစ်တဲ့ တရားထူး တရားမြတ်ကို၊ **လဘတိ** - ရနိုင်ကြပါပေ၏” လို့ မြတ်စွာဘုရားက ဟောကြားတော်မူခဲ့တယ်။

“ကိုယ့်ကိုယ်ကို အားထား” ဆိုတာ ဓမ္မကို အားထားရမှာကို ဆိုလိုတာ၊ “အားကိုးရာ အစစ်က ကိုယ့်သန္တာန်မှာ ရှိတာ, အပြင်မှာ မရှာနဲ့” လို့ ပြောတာ၊ ကိုယ့်ကိုယ်ကို အားထားရမှာ, ကိုယ့်ကိုယ်ကို ဆုံးမရမှာလို့ ပြောတာ၊ သူများကို ဆုံးမရတာ လွယ်တယ်၊ ကိုယ့်ကိုယ်ကို ဆုံးမရတာကျ ခက်တယ်၊ **“အတ္တာ ဟိ ကိရ ဒုဒ္ဒမော”** တဲ့ - ကိုယ့်ကိုယ်ကို ဆုံးမရတာ ခက်တယ်၊ မိဘတွေက သားဆုံးမကြတယ်, သမီးဆုံးမကြတယ်၊ လူကြီးသူမတွေက လူငယ်တွေကို ဆုံးမကြတယ်၊ သူတစ်ပါးကို ဆုံးမရတာ

လွယ်တယ်၊ ကိုယ့်ကိုယ်ကို ဆုံးမရတာ ခက်တယ်၊ အဲဒီလို ကိုယ့်ကိုယ်ကို ဆုံးမလို့ ကိုယ်တိုင်ယဉ်ကျေးသွားပြီဆိုမှ အားကိုးရာအစစ်ကို တွေ့မှာ၊ ကိုယ့်ကိုယ်ကို မဆုံးမရင် အားကိုးရာအစစ်ကို မရနိုင်ဘူးတဲ့။

## အားကိုးရာအစစ် ဓမ္မဟူသည်?

အားကိုးရာအစစ်ဆိုတာ ဘာလဲ? အကြမ်းအားဖြင့် အားကိုးရာအစစ်သည် ဓမ္မပဲ၊ ဓမ္မဆိုတာ ကိုယ်ကျင့်သုံးတဲ့ ကိုယ်ရဲ့ဓမ္မဖြစ်တယ်၊ ဆိုပါစို့ - လူ့လောကရောက်ရှိလာတဲ့ ပုဂ္ဂိုလ်တစ်ယောက်သည် သူ့အသက်သတ်ခြင်းမှ ရှောင်တယ်, သူ့ဥစ္စာခိုးခြင်းမှ ရှောင်တယ်, သူတစ်ပါးသားမယား ပြစ်မှားခြင်းမှ ရှောင်တယ်ဆိုတဲ့ ကာယဒုစရိုက် ၃-ပါးမှ ရှောင်ကြဉ်မှုနှင့် ကုသိုလ်ကောင်းမှုဖြစ်တဲ့ ကာယသုစရိုက် ၃-မျိုးကို ကျင့်သုံးရမယ်၊ အဲဒီလို ကျင့်သုံးတာကို အကြောင်းပြုပြီးတော့ လူ့ဘုံမှာ လူဖြစ်ရတာ၊ နတ်

ဖြစ်ရတာ ဘာကြောင့်လဲဆိုရင် ကုသလကမ္မပထ တရား ၁၀-ပါးကို ကျင့်သုံးလို့။

ဝစီကံနှင့် ပတ်သက်လို့ လိမ်ပြောခြင်းမှ ရှောင်တယ် - မှန်တာကိုပဲ ပြောတယ်၊ တစ်ဦးနှင့် တစ်ဦး ဂုံးတိုက်ပြီး မတည့်အောင် မလုပ်ဘူး၊ ရိုင်းစိုင်းတဲ့ စကားမျိုး မပြောဘူး - ယဉ်ကျေးသိမ်မွေ့တဲ့ စကားမျိုး ပြောတယ်၊ အကျိုးမရှိတဲ့ စကားမျိုး မပြောဘူး - အကျိုးရှိတဲ့ စကားမျိုး ပြောတယ်၊ ဓမ္မကို ကျင့်သုံးတယ်၊ အဲဒီ ကျင့်သုံးတဲ့ဓမ္မဟာ လူ့ပြည်နတ်ပြည်ကို ရောက်စေနိုင်တယ်၊ ဒီကနေ့ လူ့ဘဝ လူရယ်လို့ ဖြစ်လာတာဟာ အဲဒီ ကုသိုလ်ကောင်းမှုတွေ လုပ်ခဲ့လို့ - ဟုတ်လား၊ အဲဒီ ဓမ္မတွေက ပို့ခဲ့တာ။

နောက်တစ်ခုက သူများပစ္စည်းကို ကိုယ့်ပစ္စည်း ဖြစ်လိုမှု မရှိဘူး၊ သူတစ်ပါးကို ပျက်စီးစေလိုမှု ဗျာပါဒ မရှိဘူး၊ သူများပစ္စည်းကို ကိုယ့်ပစ္စည်း ဖြစ်လိုမှု လောဘကို ဖယ်ရှားတယ်၊ ပျက်စီးဆုံးရှုံးစေလိုမှု ဒေါသ မရှိဘူး၊ ကောင်းတာလုပ်သည်ဖြစ်စေ

3 A

မကောင်းတာလုပ်သည်ဖြစ်စေ ကောင်းကံမကောင်းကံတို့၏ ကောင်းမွေ ဆိုးမွေတွေ ရှိတယ်လို့ လက်ခံတဲ့ သမ္မာဒိဋ္ဌိ ရှိတယ်၊ ဒီလို ကျင့်သုံးတာဟာ ဓမ္မကို ကျင့်သုံးတာ၊ အားလုံးပေါင်း ၁၀-မျိုး၊ အဲဒီ ၁၀-မျိုးကြောင့် လူ့လောကဆိုတာ ရှိတာ၊ လူဖြစ်ဖို့ ကုသိုလ်ကောင်းမှုကို ကျင့်သုံးရမယ်၊ မကောင်းမှု ၁၀-မျိုးကို ကျင့်သုံးမယ်ဆိုရင် လူဆိုတာ မဖြစ်နိုင်ဘူး၊ လူ့ဘုံဆိုတာ ကုသိုလ်ကမ္မပထတရား ၁၀-မျိုးကို ကျင့်သုံးလို့ ရတာ၊ နတ်ဘုံလည်း ဒီအတိုင်းပဲ။

အကုသိုလ်ကမ္မပထတရား ၁၀-ပါး ကျင့်သုံးသူဟာ အပါယ်ဘုံကို ရောက်ရတာ၊ ငရဲဆိုတာ ကိုယ်မမြင်ရလို့ မရှိဘူးလို့ ပြောလို့ မရဘူး၊ လူ့လောကမှာ မကောင်းတာတွေ လုပ်နေတာကို မြင်ရရင် မတူညီတဲ့လုပ်ရပ်တွေကြောင့် မတူညီတဲ့အကျိုးတွေ ဖြစ်မယ်ဆိုတာ ထင်ရှားတယ်၊ အကုသိုလ်ကမ္မပထတရား ၁၀-ပါးကို အရှိန်အဟုန်နှင့် ပြုလုပ်နေတဲ့သူဟာ သေတဲ့အခါ ငရဲကို ရောက်တယ်ဆိုတာ ထင်

ရှားတယ်၊ အဲဒီထက် သက်သာတဲ့ တိရစ္ဆာန်ဘုံမှာ ဖြစ်တယ်၊ အဲဒီထက် သက်သာတဲ့ ပြိတ္တာ၊ အသူရကာယ်ဘုံတို့မှာ ဖြစ်ကြရတယ်၊ ငရဲ တိရစ္ဆာန် ပြိတ္တာ အသူရကာယ်တို့ဆိုတာ အကုသိုလ် ကမ္မပထ တရား ၁၀-ပါးရဲ့ အကျိုးဆက်တွေပဲ။

ဓမ္မကို မကျင့်သုံးသည့် အတွက်ကြောင့် အပါယ်ဘုံရောက်နေတဲ့ သတ္တဝါဦးရေသည် လူ့ဘုံ နတ်ဘုံမှာရှိတဲ့ ဦးရေထက် များတယ်၊ လူတွေက ထင် ကြတယ် - လူ့လောကမှာ လူဦးရေတွေ အင်မတန် မှ များတယ်လို့၊ လူဦးရေတိုးလာတယ်လို့ ပြောကြ တယ်၊ တချို့နိုင်ငံဆို လူတောင်ဖြစ်ခွင့် မပေးချင်ဘူး၊ လာချင်တာတောင် လာခွင့် မပေးတာတွေ ရှိတယ် နော်၊ အဲဒီလို လာခွင့်မပေးတာက လူဦးရေများတယ် ထင်လို့။

သို့သော် တိရစ္ဆာန်အမျိုးမျိုးကို မကြည့်နဲ့ဦး- တိရစ္ဆာန်တစ်မျိုးတည်းကိုပဲ နှိုင်းစာကြည့်လိုက်လျှင် အတိုင်းအတာ အလွန်ကွာခြားတယ်၊ ငါးတစ်ကောင်

ရဲ့ဝမ်းထဲမှာ ဥတွေ သန်းချီရှိနေတာ၊ ဒါက ငါးတစ်မျိုးတည်းပဲ၊ ငါးသေးသေးလေးက လူဦးရေထက် မများပေဘူးလား၊ ဒီတော့ တိရစ္ဆာန်ဦးရေက များနေတော့ အဓမ္မဆိုတဲ့ တရားကို ကျင့်သုံးနေတဲ့သူက ပိုများနေတယ်ဆိုတာ ထင်ရှားတယ်။

လောကမှာ ကုသိုလ်ကမ္မပထတရား ၁၀-ပါး လုပ်သူ များတယ်လို့ အောက်မေ့ပေမယ့် ကိုယ့်ဘဝကိုယ် ပြန်စဉ်းစားကြည့် - နံနက်မိုးသောက် အလင်းရောက်တဲ့အချိန်က စပြီး "ငါ ဘာမဟုတ်တာ လုပ်မိသလဲ"၊ "အကုသိုလ်ကမ္မပထတရား ၁၀-ပါးထဲက တစ်ခုခုများ ကျူးလွန်မိသလား" လို့ မသုံးသပ်ထိုက်ဘူးလား၊ မသုံးသပ်ရင် မသိနိုင်ဘူးလေ၊ နံနက်မိုးလင်းကနေ ညအိပ်ရာဝင်ထိ တစ်နေ့တာဖြတ်ကျော်လာတဲ့ ငါ့ရဲ့ဘဝဟာ တစ်နေ့တာ အချိန်အတွင်း - "သူများအသက်ကို သတ်မိသလား, သူများဥစ္စာကို မပေးဘဲနှင့် ယူမိတာ ရှိသလား, သူများသားမယားကို စိတ်နဲ့ ပစ်မှားမိတာရော ရှိလား, လိမ်ပြီး ပြောမိ

သလား, ရိုင်းပြဆဲရေးတဲ့စကား ပြောမိသလား” လို့ ကိုယ့်ကိုယ်ကို ပြန်စစ်၊ “သူများပစ္စည်းကို ကိုယ့်ပစ္စည်းဖြစ်လိုမှု လောဘနဲ့ တွေးမိသလား၊ လူတစ်ဦးတစ်ယောက်ကို ပျက်စီးအောင် တွေးမိသလား၊ ကံကံ၏အကျိုးကို ယုံကြည်မှုကင်းမဲ့တဲ့ အတွေးအမြင်များ ပေါ်မိသလား”၊ ကိုယ့်ကိုယ်ကို အမှန်အတိုင်း ဆန်းစစ်ကြည့်ဖို့ လိုတယ်၊ ဒီလို ဆန်းစစ်ကြည့်ရင် ကိုယ်လုပ်တဲ့ အလုပ်တွေ ရှင်းရှင်းလင်းလင်း ပေါ်လာလိမ့်မယ်၊ ပေါ်လာတဲ့အခါကျရင် မကောင်းတဲ့ အကုသိုလ်အလုပ်တွေ လုပ်မိခဲ့ရင် ပြောင်းလုပ်ဖို့၊ ကောင်းတာ လုပ်မိရင် ဆက်လုပ်ဖို့၊ ကိုယ့်ကိုယ်ကို အားကိုးတယ်ဆိုတာ အဲဒါကို ပြောတာ။

မကောင်းတာလုပ်မိရင် ကိုယ့်ကိုယ်ကို ဆုံးမရတယ် “ဒါမျိုး မလုပ်နဲ့” လို့၊ လူဆိုတာ ဘာပဲဖြစ်ဖြစ် သူများကျ ပြောတတ်တယ်၊ ကိုယ့်ကိုယ်ကို ကျတော့ ခွင့်လွှတ်တတ်တယ်၊ ဆိုပါစို့ - ပန်းကန်လေး လွတ်ကျသွားရင် သူများကျ နမော်နမဲ့ နိုင်တယ်တဲ့, ကိုယ့်

ကျတော့ မတော်တဆတဲ့၊ ကိုယ့်ကိုယ်ကျတော့ ခွင့်လွှတ်ရင် သူများကိုလည်း ခွင့်လွှတ်တတ်အောင် ကြိုးစားကြရမယ်၊ ခုတော့ သူများလည်း မတော်တဆ, ကိုယ်လည်း မတော်တဆ - အဲဒီလို မထားနိုင်ဘူး၊ "သူက ဒီလိုချည်းပဲ, ငါက ဂရုစိုက်တယ်၊ သူက ဂရုမစိုက်ဘူး"၊ အဲဒါ ဘာပြုလို့လဲဆိုတော့ လူရဲ့သဘာဝက ကိုယ့်ကိုယ်ကို ဦးစားပေးချင်တဲ့ သဘောရှိလို့၊ အဲဒီလို ကိုယ့်ကိုယ်ကို အမှန်မြင်ဖို့ လိုအပ်တယ်။

အမှန်မြင်ပြီး ကိုယ်ကိုယ်ကို နှိပ်ကွပ်ရမယ်၊ မနှိပ်ကွပ်လျှင် ကိုယ်မယဉ်ကျေးဘူး၊ သူများကိုတော့ နှိပ်ကွပ်တယ်၊ ကိုယ့်ကိုတော့ မနှိပ်ကွပ်ဘူး၊ တော်တော်များများက ကိုယ့်ကိုယ်ကိုကျတော့ မနှိပ်ကွပ်ဘူး၊ ခွင့်လွှတ်တယ်၊ အကြောင်းအမျိုးမျိုး ပြတယ်၊ သူများကို ခွင့်မလွှတ် ဖြစ်တတ်တယ်၊ သူများကို ခွင့်မလွှတ်နိုင်သလို ကိုယ့်ကိုယ်ကိုလည်း ခွင့်မလွှတ်

သင့်ဘူး၊ ကိုယ့်ကိုယ်ကို ခွင့်လွှတ်နေသမျှ လူတော် လူကောင်း မဖြစ်နိုင်ဘူး။

ရှေးသူတော်ကောင်းတွေက မဟုတ်တာ လုပ်မိရင် ကိုယ့်ကိုယ်ကို ခွင့်မလွှတ်ကြဘူး၊ အဲဒီ ကိုယ့်ကိုယ်ကို ခွင့်မလွှတ်ဘဲ ယဉ်ကျေးအောင် ဆုံးမတာ သူဒန္တ၊ ကိုယ့်ကိုယ်က ယဉ်ကျေးမှ နာထံ အစစ်ဖြစ်တဲ့အားထားရာကို ရနိုင်တယ်၊ တကယ်အားကိုးရာ အစစ်က ကိုယ့်ကိုယ်ကို နှိပ်ကွပ်နိုင်မှ ဖြစ်မယ်၊ သား အားကိုးမလား? လွဲသွားပြန်ပြီ၊ သမီးအားကိုး မလား? လွဲသွားပြန်ပြီ၊ ဆွေမျိုးတွေ အားကိုးမလား? လိုက်ကြည့် လိုက်ပြန်တယ်၊ အားကိုးစရာ ဘာမှ မရှိဘူး၊ လူတွေက အားကိုးရာလိုက်ရှာနေကြတာ၊ အားကိုးရာအစစ်က ပတ်ဝန်းကျင်လူတွေမှာ မရှိဘူး၊ မိမိရဲ့အသိုင်းအဝန်းထဲမှာလည်း မရှိဘူး၊ ဆွေမျိုးထဲမှာလည်း မရှိဘူး၊ ဘယ်နေရာမှာမှ မရှိဘူး၊ ရှိတာက ကိုယ့်ရင်ထဲ နှလုံးထဲမှာပဲ ရှိတဲ့တရားကို

အားကိုးရမှာ၊ သေငယ်ဇောနှင့် မျောနေတဲ့အချိန်မှာဆို ဘယ်သူက ဘာတတ်နိုင်မှာတုန်း။

အဲဒီအချိန်မှာ သားစွဲလမ်းတဲ့စိတ်, သမီးစွဲလမ်းတဲ့စိတ်, ပစ္စည်းဥစ္စာစွဲလမ်းတဲ့စိတ် ဒီစိတ်တွေနဲ့ သေမယ်ဆိုရင် ဒုက္ခရောက်လိမ့်မယ်၊ အဲဒီလိုမဟုတ်ဘဲနဲ့ ကိုယ်ကျင့်သုံးနေတဲ့ တရားကို အားကိုးပြီး နှလုံးသွင်းနေမယ်ဆိုရင် ကောင်းရာသုဂတိရောက်မယ်၊ အဲဒါကြောင့် အားကိုးမလွဲမိစေနဲ့၊ အားကိုးရမှာက မိမိရင်ထဲ နှလုံးထဲမှာ ကျင့်သုံးတဲ့တရားသာ ဖြစ်တယ်၊ အဲဒီလို ဖြစ်ဖို့ရန်အတွက် ကိုယ့်ကိုယ်ကို နှိပ်ကွပ်ဖို့ လိုတယ်၊ ကိုယ့်ကိုယ်ကို မလိမ်နဲ့ မညာနဲ့၊ လူတွေဟာ များသောအားဖြင့် ကိုယ့်ကိုယ်ကို လိမ်နေကြတာကို မသိကြဘူး၊ သူများကို မလိမ်ရင် လူတော်လူကောင်းလို့ သတ်မှတ်ကြတယ်၊ သို့သော် ကိုယ့်ကိုယ်ကိုတော့ လိမ်နေကြတယ်၊ ဒါကြောင့်မို့ ကိုယ့်ကိုယ်ကို နှိပ်ကွပ်ရမယ်။

၅၅၀-ဇာတ်တော်ထဲမှာ မှတ်သားစရာလေးတွေ ရှိတယ်၊ နှိပ်ကွပ်ပြီဆိုရင် တကယ့် အားကိုးရာအစစ်ဟာ ကိုယ့်ကိုယ်ကိုပဲ၊ **"အတ္တာ ဟိ အတ္တနောနာထော"** ဆိုတဲ့အတိုင်းပဲ ကိုယ့်ကိုယ်ကိုသာ အားကိုးရာအစစ်၊ အဲဒီပုဂ္ဂိုလ်တွေဟာ ဗုဒ္ဓမြတ်စွာသာသနာတော်နှင့် မဆုံကြဘူး၊ ဘုရားမပွင့်တဲ့အခါသမယမှာ လူဖြစ်ကြတယ်၊ သို့သော် နှိပ်ကွပ်နိုင်လောက်အောင် အသိတရားရှိကြတဲ့ပုဂ္ဂိုလ်တွေ လာဖြစ်တယ်၊ ဒီလို အသိတရားရှိတဲ့ ပုဂ္ဂိုလ်တွေဟာ ကိုယ့်ကိုယ်ကို နှိပ်ကွပ်ပြီး အားကိုးရာရှာကြတာ။

အဲဒီပုဂ္ဂိုလ်တွေကို "ပစ္စေကဗုဒ္ဓ" လို့ ခေါ်တယ်၊ "ပစ္စေက" ဆိုတာက တစ်သီးတစ်ခြား၊ "ဗုဒ္ဓ" ဆိုတာ သိတာ၊ "သမ္မာသမ္ဗုဒ္ဓ" ဆိုတာ ကိုယ်တိုင်မှန်မှန်ကန်ကန် သစ္စာ ၄-ပါးကို သိတာ၊ ကိုယ်တိုင်သိတာကို သူများကို မှန်မှန်ကန်ကန် ဟောပြောနိုင်တာ၊ ပစ္စေကဗုဒ္ဓ ဆိုတာ ကိုယ်ပိုင်နည်းနဲ့ သစ္စာ ၄-ပါးကို သိတာ၊ သူတစ်ပါး နားဝင်အောင်, သိသွား

အောင်တော့ မပြောတတ်ဘူး၊ သူသိသလို အခြား သူသိအောင် သစ္စာ ၄-ပါးကို မဟောပြောနိုင်ဘူးတဲ့။

ပစ္စေကဗုဒ္ဓဆိုတာ ဘုရားမပွင့်တဲ့အချိန်မှာ ပွင့်တာ၊ ဘယ်လိုပုဂ္ဂိုလ်တွေ ဖြစ်တာတုန်းဆိုရင် ဒီဘဝမှာ ဝိပဿနာတရားကို စွဲစွဲမြဲမြဲ အားထုတ်တဲ့ပုဂ္ဂိုလ်၊ အဲဒီလို ကြိုးပမ်းအားထုတ်တဲ့ ပုဂ္ဂိုလ်ဟာ ဒီဘဝမှာ ရဟန္တာ ဖြစ်ရင်ဖြစ်, မဖြစ်ရင် သေခါနီးမှာ ဖြစ်နိုင်တယ်၊ သေခါနီးမှာ မဖြစ်ရင် ဒီဘဝက သေသွားပြီးတော့ နောက်ဆုံးအချိန်မှာ ပစ္စေကဗုဒ္ဓဖြစ်နိုင်တယ်လို့- တရားကို စွဲစွဲမြဲမြဲအားထုတ်ရင် တရားအားထုတ်တဲ့ ပုဂ္ဂိုလ်ရဲ့အကျိုးကျေးဇူးကို ဖော်ပြထားတယ်။

တရားအားထုတ်ဖို့ရာက ကိုယ့်တာဝန်၊ တရားထူး, တရားမြတ်ကို ရဖို့ရာက ကိုယ့်တာဝန် မဟုတ်ဘူး၊ ဆိုပါစို့ - ဘာနဲ့ ဥပမာတူသလဲဆိုရင် သစ်ပင်စိုက်တဲ့အခါ ကိုယ်လုပ်ပေးရမှာက ပေါင်းသင်ရမယ်, မြေဩဇာထည့်ရမယ်, ရေလောင်းပေးရမယ်, ပိုးမကျ

အောင် ဖယ်ရှားပေးရမယ် - ဒါ ကိုယ့်တာဝန်ပေါ့၊ အပွင့်လေးပွင့်အောင် ကိုယ်လုပ်နိုင်သလား- မလုပ်နိုင်ဘူး၊ ကိုယ်က အခြေအနေကောင်းလေးတွေ ဖန်တီးပေးတာပဲ ရှိတာ၊ ရေလောင်းမယ်, နေရောင်ထဲထားမယ်, နေပူရင်လည်း အရိပ်ထဲ ရွှေ့ထားမယ် စသည်ဖြင့် ကိုယ်က အခြေအနေကောင်းလေးတွေ ဖန်တီးပေးမယ်၊ ထိုအခြေအနေကောင်းလေးတွေက သူ့ဟာသူ ဆောင်ရွက်ကြတော့အဖူးလေးတွေ အပွင့်လေးတွေ ဖြစ်လာတာပေါ့။

အဲဒါလိုပဲ - တရားအားထုတ်ပြီးနေရင် သူ့ဟာသူ အခြေအနေကောင်းလေးတွေနဲ့ တရားထူးတရားမြတ်ရလာမှာပါ၊ ဘယ်ဟာပဲဖြစ်ဖြစ် သူ့ဟာသူ ရင့်ကျက်လာမှာပေါ့၊ ပွင့်ချိန်တန်ပွင့် သီးချိန်တန်သီး၊ လက်ရှိကြိုးပမ်းအားထုတ်နေတဲ့သူဟာ ဒီဘဝ တရားထူးတရားမြတ် ရနိုင်တယ်၊ သေခါနီးအချိန်မှာ ရနိုင်တယ်၊ သေခါနီးအချိန်မှာ မရရင် နောက်ဘဝမှာရမယ်၊ မရသေးဘူးဆိုရင် ပစ္စေကဗုဒ္ဓအဖြစ်

ရောက်နိုင်တယ် - ကိုယ်ပိုင်အသိဉာဏ်နဲ့၊ အဲဒါကြောင့် လုပ်ရမယ်၊ လုပ်မှ ဒီလမ်းကြောင်းကို ရှာတွေ့မှာပေါ့၊ ကိုယ်တိုင်လုပ်မှ ဒီလမ်းကြောင်းကို မှတ်မိနေမှာပေါ့။

ပစ္စေကဗုဒ္ဓဆိုတာ အသီးအခြား သစ္စာ ၄-ပါးကို သိတာ၊ အဲဒီပုဂ္ဂိုလ်ဖြစ်ဖို့ရာအတွက် ၂-အသင်္ချေနှင့် ကမ္ဘာတစ်သိန်း ပါရမီဖြည့်ရတယ်၊ ၂-အသင်္ချေဆိုတာ မရေမတွက်နိုင်တဲ့ ကမ္ဘာပေါင်း၂-ခါကြုံရတယ်၊ ရေတွက်လို့ ရတာက တစ်သိန်း၊ ဒါ့ကြောင့် ၂-အသင်္ချေ နှင့် ကမ္ဘာတစ်သိန်း၊ ဘုရားဖြစ်ဖို့ရန်အတွက်ကျတော့ ၄-အသင်္ချေနှင့် ကမ္ဘာတစ်သိန်း၊ မရေတွက်နိုင်တာက ၄-ခါကြုံပြီး ရေတွက်နိုင်တာက တစ်သိန်း ဒီလိုဆိုတယ်။

ပစ္စေကဗုဒ္ဓဖြစ်ဖို့ရာ နည်းတဲ့ပါရမီ ဖြည့်ရတာမဟုတ်ဘူး၊ ၂-အသင်္ချေနှင့် ကမ္ဘာတစ်သိန်း ပါရမီဖြည့်ရတာ၊ ဘယ်သူကမှ နည်းလမ်းမပြဘဲနှင့် ကိုယ့်ကိုယ်ကို နှိုပ်ကွပ်ဆုံးမပြီးတော့မှ နည်းလမ်းရှာတာ၊

ကိုယ့်အတွက် အားကိုးစရာဆိုတာ ကိုယ့်သန္တာန်မှာပဲ ရှိတာ, အပြင်မှာ မရှိဘူး။

တစ်ခါတုန်းက အတိတ်ဘဝမှာ ဂေါတမမြတ်စွာဘုရားအလောင်း ဗာရာဏသီပြည်မှာ ဘုရင်ကြီးတစ်ပါး ဖြစ်တယ်၊ ဘုရားအလောင်းတွေဟာ ကုသိုလ်ကောင်းမှု ပြုတဲ့နေရာမှာ အမြဲစိတ်ညွတ်နေတယ်၊ ဖြစ်ရာဘဝမှာ သမထဘာဝနာ ပွားများတယ်ဆိုတဲ့ အလေ့အထတွေ ရှိနေတယ်၊ သာသနာပဖြစ်တဲ့အချိန်မှာလည်း ဒါနကောင်းမှုပြုလုပ်တယ်, သီလဆောက်တည်တယ်၊ လူတွေဟာ တစ်ယောက်နှင့်တစ်ယောက် စရိုက်ချင်း မတူဘူး၊ အတိတ်ဘဝကပါလာတဲ့ အကျင့်စရိုက်တွေနဲ့ တချို့က တရားနာဖို့ဝါသနာပါတယ်၊ တချို့က တရားနာဖို့ ဝါသနာမပါဘူးပေ့ါ၊ တချို့က လှူချင် တန်းချင်တဲ့စိတ် ရှိတယ်၊ တချို့က လုံးဝမရှိဘူး, ဝါသနာမပါဘူး။

ဝါသနာဆိုတာ လုပ်ခဲ့တဲ့အပြုအမူတွေ ပြန်ပေါ်တာ၊ ဘဝါဘဝက လေ့ကျင့်ခဲ့တဲ့ အလေ့အကျင့်

တွေ ပြန်ပေါ်လာတာ၊ ကောင်းတဲ့အလေ့အကျင့်တွေ လုပ်ခဲ့တဲ့အတွက်ကြောင့် ကောင်းတဲ့အလေ့အကျင့် တွေ ပြန်ပေါ်တာ၊ ဘုရားမပွင့်တဲ့ ကမ္ဘာမှာ ပစ္စေကဗုဒ္ဓ သူတော်စင် သူတော်မြတ်တွေ ရှိတယ်၊ ဗာရာဏသီပြည် ဘုရင့်နန်းတော်ကို ပစ္စေကဗုဒ္ဓ ၅-ဆူ ကြွလာတယ်၊ ပစ္စေကဗုဒ္ဓဆိုတာ အများကြီးပွင့် လို့ ရတယ်၊ သမ္မာသမ္ဗုဒ္ဓဆိုတာက တစ်ဆူပဲ ပွင့်လို့ ရတယ်၊ အများကြီးပွင့်ရိုး ထုံးစံမရှိဘူး၊ ပစ္စေကဗုဒ္ဓ က အဆူပေါင်းမြောက်မြားစွာ လောကကြီးမှာ ဖြစ် ပေါ်လာကြတာ၊ ဂေါတမမြတ်စွာဘုရား မပွင့်ခင် ပစ္စေကဗုဒ္ဓမြတ်စွာ အများကြီး ပေါ်ပေါက်ခဲ့တယ်၊ **ဣသိဂိလိသုတ်မှာ** ဘွဲ့တော်တွေကို မြတ်စွာဘုရား က ဟောထားတယ်၊ သုတ္တနိပါတ်ပါဠိတော်မှာ ခဂ္ဂ-ဝိသာဏသုတ်ဆိုတာလည်း ရှိတယ်။

ပစ္စေကဗုဒ္ဓတွေက သူတို့ ဘယ်လိုကျင့်ခဲ့တယ်၊ ဘယ်လို ပစ္စေကဗုဒ္ဓဖြစ်ခဲ့တယ်ဆိုတာတွေကို ပြန်ပြီး ဟောပြောကြတယ်၊ ကိုယ့်ရဲ့ဘဝမှတ်တမ်းတွေ,

ကိုယ်တရားထူးတရားမြတ် ဘယ်လိုရှာခဲ့တယ်, ဘယ်လိုတွေ့လာတယ်ဆိုတာကို ပြန်ဟောကြတယ်။

ဗာရာဏသီပြည်ကြီးရဲ့ နန်းတော်မှာ ဘုရင်ကြီးကပင့်လို့ ပစ္စေကဗုဒ္ဓ ၅-ပါး ရောက်လာတယ်၊ ဘုရင်ကြီးက ဆွမ်း ခဲဘွယ် ချိုချဉ်ရသာတွေ ဆက်ကပ်လို့ ဒါနကောင်းမှုတွေ ပြုပြီး ပစ္စေကဗုဒ္ဓ ၅-ပါး အနီးထိုင်ပြီး တရားနာနေတယ်၊ တရားနာနေတဲ့ အချိန်မှာ သူတို့အကြောင်းကို ဘုရင်ကြီးက သိချင်တယ်, သိချင်လို့ မေးတယ်။

**ပထမပစ္စေကဗုဒ္ဓ**

ပစ္စေကဗုဒ္ဓ ၅-ပါးမှာ အကြီးဆုံးကို စပြီးမေးတယ်၊ "အရှင်ဘုရားက လူ့ဘဝကို ရှောင်ပြီး အခုလို သူတော်စင်ဘဝကို ဘာကြောင့်ရောက်လာတာလဲ" လို့ မေးကြည့်တယ်၊ ခုခေတ်လည်း ဘုန်းကြီးဝတ်တဲ့ ပုဂ္ဂိုလ်တွေ အမေကဝတ်ခိုင်းလို့ ဝတ်တာလည်း ရှိတာပဲ၊ ကိုယ့်ဟာကိုယ် အိမ်ကထွက်ပြေးပြီး

ဝတ်တာလည်း ရှိတယ် - အမျိုးစုံပေ့ါ၊ ဘုန်းကြီးတို့ တော့ အမေက ဝတ်ခိုင်းလို့ ဝတ်တာ၊ နောက်ကိုယ့် ဟာကိုယ် စိတ်ပါလာတာ၊ ဘဝမှာ အကြောင်းဆိုတာ ရှိတတ်တယ်။

ကောင်းပြီ - ပစ္စေကဗုဒ္ဓကို "အရှင်ဘုရား-အခုလို သူတော်စင်ဘဝ ဘယ်လိုနည်းနဲ့ ရောက်လာ တာလဲ" လို့ မေးတော့ ပစ္စေကဗုဒ္ဓက သူ့အကြောင်း ကို ရှင်းပြတယ်။

သူက ကာသိတိုင်းက ရွာကလေးတစ်ရွာမှာ သာမန်လယ်သမားတစ်ယောက်၊ သူငယ်ချင်းတစ် ယောက်နှင့် လယ်ထဲမှာ လယ်ထွန်နေကြတယ်၊ အိန္ဒိယမှာ ပူပြင်းတဲ့အချိန်ဆို အလွန်ပူတယ်၊ ရေ ဘူးလေးတွေ ကိုယ်စီယူသွားပြီး လယ်လုပ်ငန်းကို လုပ်ကြတယ်၊ ချွေးက ပြိုက်ပြိုက်ကျ, ရာသီဥတုက လည်း ပူနဲ့, ပင်ပင်ပန်းပန်း လုပ်ကြတဲ့အခါ ရေ ငတ်လာကြတော့ ကိုယ့်ရေဘူးကိုယ်ဖွင့်ပြီး သောက် ကြတယ်၊ အခုခေတ်ဆိုရင် ရေသန့်ဘူးလေးတွေ

ပေါ့။ အဲဒီလို အလုပ်ပင်ပန်းလို့ ရေငတ်တဲ့အခါ သူ့ သူငယ်ချင်း တစ်ယောက်က ရေဘူးဖွင့်ပြီး ရေသောက်တယ်။

သူလည်း ရေသောက်မလို့ ကြည့်တော့ သူ့ရေဘူးက ရေနည်းနေတယ်၊ "ငါ့ရေဘူးက ရေကုန်လိမ့်မယ်၊ ဟိုကောင့်ရေဘူးထဲက ရေခိုးမှပဲ" ဆိုပြီးတော့ သူများရေဘူးထဲက ရေကို မပြောမဆိုဘဲနဲ့ တိတ်တိတ်ကလေး ခိုးသောက်တယ်၊ ကိုယ့်ဟာမဟုတ်ဘဲ သူများရေကို ခိုးသောက်တာ၊ ပြီးတော့ အလုပ် ဆက်လုပ်ကြတယ်၊ ညနေလုပ်ငန်းသိမ်းတဲ့အချိန်ကျတော့ ချောင်းလို့ ရေသွားချိုးကြတယ်၊ ပြီးတော့ အိမ်ပြန်ကြမယ်ပေါ့။ ရေချိုး အဝတ်အစားလဲပြီးတော့ အေးသွားတယ်။

အေးသွားပြီး အမောပန်းပြေတဲ့အခါ "ငါ ဒီနေ့ဘာမဟုတ်တာ လုပ်မိသလဲ" လို့ တွေးတော့ ရေခိုးသောက်မိတာ သတိရမိတယ်၊ "ဪ - ငါအတော်ဆိုးတဲ့ အကောင်ပဲ၊ သူများရေကို ခိုးသောက်ရ

အောင် ငါ့မှာ လောဘတွေ ဖြစ်နေပါလား၊ ဟောဒီ လောဘကို မနှိပ်ကွပ်ရင် အပါယ်ငရဲ ကျတော့မှာပဲ ငါ အတော်ဆိုးတဲ့အကောင်ပဲ" လို့၊ တချို့ဆို အဲဒီ လို တွေးမှာ မဟုတ်ဘူးနော်၊ ဒီရေလေးက ဘယ် လောက် တန်ဘိုးရှိလို့တုန်းလို့ပဲ တွေးမှာ။

သူကတော့ အဲဒီလို မတွေးဘူး၊ သူများရဲ့ရေ ကို ငါမပြောဘဲနဲ့ ခိုးသောက်မိတယ်၊ တကယ်တော့ အဲဒီရေခိုးသောက်တာဟာ သာမန်အပြစ်ကလေးလို့ ပြောရမယ်၊ "မင်းရေ ငါသောက်မိတယ်" လို့ ပြော ရင် ပြီးသွားမှာပဲ၊ သူက အဲဒါနဲ့ကို မကျေနပ်ဘူး၊ ယူကြုံးမရ ဖြစ်နေတာ- "ဩော် - ငါ မဟုတ်တာ လုပ်မိပြီ၊ ဒီလိုလုပ်တာဟာ သံသရာမှာ ဆင်းရဲဒုက္ခ ရောက်နိုင်တယ်၊ ဒီအကုသိုလ်ဟာ တယ်ဆိုးပါလား" လို့ လောဘရဲ့အပြစ်ကို တွေးလိုက်တာ - မတ်တပ် ရပ်ပြီး တွေးနေတာ၊ တွေးရင်းကနေ ဘယ်ထိအောင် ရောက်သွားသလဲဆိုရင် လောဘရဲ့သဘာဝတွေ ဆိုးဝါးမှုတွေကို သိပြီး မမြဲတဲ့ သင်္ခါရသဘောတွေကို

ဆင်ခြင်မိသွားတဲ့အခါမှာ တစ်ထိုင်တည်းနဲ့ ပစ္စေက
ဗုဒ္ဓ ဖြစ်သွားတယ်၊ ဘာလို့ ဖြစ်သွားလဲ - မြန်လှ
ချည်လားလို့ မအောက်မေ့နဲ့၊ လေ့ကျင့်ထားခဲ့တဲ့
အရှိန်အဝါတွေကြောင့်မို့ ဖြစ်သွားတာ။

ကြားဖူးကြတယ် မဟုတ်လား၊ ရှင်စူဠပန်ဟာ
ပုဝါဖြူလေးနဲ့ တရားထူးရသွားတာ၊ မြတ်စွာဘုရား
က ပုဝါပိုင်းလေး ပေးထားတယ်၊ အဲဒီပုဝါပိုင်းလေးနဲ့
ပဲ တရားရှုတယ်၊ ပုဝါလေးနွမ်းလာတာ မြင်တဲ့အခါ
ခန္ဓာကိုယ်ကြောင့် နွမ်းရတယ်လို့ သံဝေဂစိတ်ဖြစ်
တယ်၊ အတိတ်ဘဝနဲ့ ဘုရားက ဆက်ပေးလိုက်တာ၊
ဒီစိတ်မျိုးက အရင်ကလည်း ပေါ်ခဲ့ဖူးတယ်၊ ပုဝါလေး
နွမ်းသွားတာကို ကြည့်ပြီး ပေါ်ခဲ့ဖူးတယ်၊ အဲဒီစိတ်
ကလေးနဲ့ ဆက်ပေးလိုက်တာ၊ ယခင်စိတ်နဲ့ ယခု
စိတ် ပေါင်းလိုက်တဲ့အခါ စွမ်းအင်တွေ တက်သွား
တယ်၊ ပြန်အောက်မေ့သွားတယ်၊ တစ်ခုသောဘဝ
မှာ ဘုရင်ဖြစ်စဉ်က မိမိမှာပါတဲ့ လက်ကိုင်ပုဝါလေး
နဲ့ နဖူးကိုသုတ်ပြီး ပြန်ကြည့်လိုက်တဲ့အခါ မည်းညစ်

သွားတာတွေ့တော့ ဒီခန္ဓာကိုယ်ကြီးနဲ့ ထိစပ်လို့ ဖြူစင်ရာကနေ မည်းသွားပါလား၊ ခန္ဓာကိုယ်ကြီးက မတင့်တယ်ပါလား ဆိုတဲ့အတွေးလေး ဝင်ခဲ့တယ်။

ဒီအတွေးလေးက ဓမ္မအတွေးလေးပဲ၊ အဲဒီဓမ္မ အတွေးနဲ့ နောက်ဆုံးဘဝမှာ မြတ်စွာဘုရားက ဆက်ပေးလိုက်တာ၊ energy အရှိန်အဝါတွေ ဖြစ် သွားပြီးတော့ ရဟန္တာအဆင့် ရောက်သွားတာ။

ပစ္စေကဗုဒ္ဓအလောင်းက ဒီအသိဉာဏ်နဲ့ပဲ ရေ ကလေးတစ်ခွက် ခိုးသောက်မိတာနဲ့ သူ့ကိုယ်သူ စိတ်မကောင်းဖြစ်ပြီး ကိုယ့်ကိုယ်ကို နှိပ်ကွပ်ပြီး "တယ်ဆိုးတာပဲ၊ ငါ မဟုတ်တဲ့အလုပ်တွေ လုပ်ထား တယ်၊ လောဘဆိုတဲ့တရားက အလွန်ဆိုးပါလား" ဆိုတဲ့ လောဘရဲ့သဘောကို ဆင်ခြင်လိုက်တာ - မကောင်းတဲ့တရားတွေကို တစ်ခုပြီး တစ်ခု ဆင်ခြင် လိုက်တာ, သင်္ခါရတရားတွေရဲ့ မမြဲတဲ့သဘောတွေ ဒုက္ခပေးနေတဲ့သဘောတွေ ဒါတွေကို ဆင်ခြင်ရင်း

ဝိပဿနာဉာဏ် အဆင့်ဆင့်တက်လို့ ပစ္စေကဗုဒ္ဓ အဆင့်ထိ ရောက်သွားတယ်။

သူ့သူငယ်ချင်းက ရေမိုးချိုးပြီး တက်လာတဲ့ အခါ "သူငယ်ချင်း - တို့ပြန်ကြစို့လေ မိုးချုပ်ပြီ" လို့ ပြောတော့ သူက ဘာပြောလဲဆိုတော့ "ငါ အိမ် မပြန်တော့ဘူး၊ ငါ ပစ္စေကဗုဒ္ဓ ဖြစ်နေပြီ"၊ ပစ္စေက ဗုဒ္ဓ ဖြစ်ပေမယ့်လို့ သူ့ပုံပန်းသဏ္ဌာန်က လယ်သမား ပဲ ရှိသေးတာ၊ အဲဒါနဲ့ သူ့သူငယ်ချင်းက ပြော တယ် - "မင်း မဟုတ်သေးပါဘူး, ဘာတွေလျှောက် ပြောနေတာလဲ၊ မင်းပေါက်သွားပြီ ထင်တယ်၊ ပစ္စေကဗုဒ္ဓ ဆိုတာ မင်းလိုမှ မဟုတ်တာ၊ ခေါင်းက လည်း ကတုံး, အဝတ်ကလည်း ဆေးဆိုးရောင်နဲ့ - ပစ္စေကဗုဒ္ဓဆိုတာ အဲဒီလိုနေရမှာ"၊ အဲဒီမှာ သူသတိ ရပြီး သူ့ခေါင်းလေးကို လက်နဲ့ သပ်လိုက်တဲ့အခါ ခေါင်းလည်း ရိတ်ပြီးသား ဖြစ်သွားတယ်၊ ပရိက္ခရာ ရှစ်ပါးလွယ်လျက် ကောင်းကင်ပျံတက်ပြီး ပစ္စေက- ဗုဒ္ဓတွေ သီတင်းသုံးရာ ဂန္ဓမာဒနတောင်က နန္ဒမူ

လိုဏ်ဂူရှိရာအရပ်ကို ကြွသွားတယ်၊ သူငယ်ချင်းက အဲဒီမှာတင် ငေးကျန်ရစ်တယ်။

သူငယ်ချင်းနှစ်ယောက်နော် - သူလည်း လူပဲ၊ သူက အသိဉာဏ်ထူးရပြီး ကျန်သူငယ်ချင်းက ဘာလို့ မရတာလဲ- သူက မလုပ်ခဲ့ဖူးဘူးလေ၊ မလုပ်ခဲ့ဖူးတဲ့ အတွက်ကြောင့် ဒီအသိဉာဏ်မျိုး သူ မပေါက်ရောက်နိုင်ဘူး - ဟုတ်လား၊ သူကတော့ ကိုယ့်ကိုယ်ကို နှိပ်ကွပ်ဆုံးမလိုက်တာ၊ ကိုယ့်သန္တာန်မှာ တကယ့်အားကိုးရာအစစ် တွေ့သွားတယ်။

အားကိုးရာအစစ် ဆိုတာ တခြားမဟုတ်ဘူး၊ "အရဟတ္တမဂ်" ဆိုတဲ့ ကုသိုလ်ထူးပဲ၊ အဲဒီ ကုသိုလ်ထူးကို ရပြီးတဲ့နောက်မှာ ဆိုရင် သံသရာဆိုတာ မရှိတော့ဘူး၊ ဘဝအဆုံးသတ်သွားတယ်၊ အဲဒါမှ တကယ့်အားကိုးရာအစစ် ဖြစ်သွားတယ်၊ အဲဒီနည်းနှင့် သူပစ္စေကဗုဒ္ဓဖြစ်လာပါတယ်လို့ ပြောကြားသွားတယ်။

**ဒုတိယပစ္စေကဗုဒ္ဓ**

ဒုတိယတစ်ပါးကို မေးပြန်တယ်- "အရှင်ဘုရားကရော ဘယ်လို ရဟန်းဘဝရောက်လာတာလဲ" လို့၊ သူလည်း ကာသိတိုင်းက ရွာတစ်ရွာက ဆိုင်ရှင်တစ်ယောက်တဲ့၊ ဆိုင်မှာထိုင်ပြီး ဈေးရောင်းနေတာ၊ ဆိုင်ရှေ့ကနေပြီး အမျိုးသားနှင့် အမျိုးသမီး စုံတွဲလျှောက်သွားတယ်၊ အမျိုးသမီးက ရုပ်ချောတယ်၊ အဲဒီ ချောမောတဲ့အမျိုးသမီးကို စိတ်ထဲက ပြစ်မှားမိတယ်၊ ပြစ်မှားမိတဲ့အခါ "ဒီကနေ့ငါ ဘာများမဟုတ်တာ လုပ်မိသလဲ"လို့ ဆင်ခြင်တဲ့အခါ "သူများသားမယားကို ငါ စိတ်နဲ့ ပြစ်မှားမိပြီ၊ ဒီစိတ်မျိုးတွေ လက်ခံမိရင် ငါ့ထက် ဆိုးတဲ့သူ ရှိမှာ မဟုတ်ဘူး၊ ငါလက်ခံလို့တော့ မဖြစ်ဘူး" လို့ တွေးမိပြီး အဲဒီလို မကောင်းတဲ့ စိတ်တွေကို အကြောင်းပြုပြီး အဆိုးတရားတွေကို ဆင်ခြင်သုံးသပ်လိုက်တဲ့အခါ အဆိုးတရားတွေက သင်္ခါရတရားတွေ ဖြစ်သည့်အတွက်ကြောင့် ပထမပစ္စေကဗုဒ္ဓလိုပဲ သူလည်း ပစ္စေကဗုဒ္ဓ

ဖြစ်သွားတယ်၊ သာမန်လူဆိုရင် "စိတ်ထဲက ပြစ်မှား မိတာလေးနဲ့ ဘာမှ မဖြစ်ပါဘူး" လို့ ထင်ကြမှာပေါ့၊ သူကတော့ မဟုတ်ဘူး၊ "ငါ မဟုတ်တာ လုပ်တာ အပါယ်ငရဲ ရောက်နိုင်တယ်" ဆိုပြီး ကိုယ့်ကိုယ်ကို ကြောက်လန့်ပြီး နှိပ်ကွပ်လိုက်တာ ပစ္စေကဗုဒ္ဓ အဆင့်ထိ ရောက်သွားတယ်။

**တတိယပစ္စေကဗုဒ္ဓ**

ကဲ တတိယပစ္စေကဗုဒ္ဓက ဘယ်လိုပြောလဲ၊ သူဟာ ကာသိတိုင်းက ဖြစ်တယ်၊ သားအဖ ၂-ယောက် ခရီးသွားကြတယ်၊ ခရီးသွားတဲ့အခါ တစ်ရွာနှင့် တစ်ရွာအကြား တောစခန်းတွေ ဖြတ်သွားရတယ်၊ တောစခန်းတစ်ခု ရောက်တဲ့အခါ ဓားပြတွေက ပြန်ပေးဆွဲတာတွေ ရှိတယ်၊ သူတို့မှာ စနစ်တစ်ခု ရှိတယ်၊ သားနဲ့အဖဆိုရင် သားကို ဖမ်းထားပြီး အဖေကို ပိုက်ဆံရှာခိုင်းတယ်၊ ဆရာနဲ့တပည့် ဆိုရင် ဆရာကိုဖမ်းထားပြီး တပည့်ကိုပိုက်ဆံရှာခိုင်းတယ်၊

သူတို့လုပ်ပုံလုပ်နည်းက အဲဒီလိုလုပ်လေ့ ရှိတယ်၊ ဒီတော့ "အေး - ဓားပြတွေ ဟောဒီတော ထဲမှာ ရှိတယ်၊ ဒို့အဖမ်းခံရလို့ရှိရင် မင်းကလည်း ငါ့ သားလို့ မပြောနဲ့၊ ငါကလည်း မင်းအဖေလို့ မပြော ဘူး"လို့ တိုင်ပင်ပြီးတော့ သားအဖ၂-ယောက် တော ထဲကို သွားတယ်၊ ဓားပြတွေနဲ့ တွေ့တော့ " မင်းတို့ ၂-ယောက် ဘာတော်လဲ" လို့ မေးတယ်၊ "ဘာမှ မတော်ပါဘူး"လို့ ပြောတယ်၊ လိမ်ကြတာပေါ့၊ အဖေ ကလည်း လိမ်တာပဲ၊ သားကလည်း လိမ်တာပဲ၊ အဲ ဒီတော့ လွတ်လာကြတယ်၊ လွတ်လာတော့ အဖေ ကတော့ ဘာမှ မစဉ်းစားဘူး၊ သူလိမ်တာ ဟန်ကျ တယ်, လိမ်လို့ လွတ်လာတယ်ပေါ့။

သားလုပ်သူကတော့ အဲဒီလို မဟုတ်ဘူး၊ "ဟာ ငါ့အဖေကို အဖေ မဟုတ်ဘူးလို့ ပြောမိတယ်၊ ငါ လိမ်မိတယ်၊ ဒီလိုမျိုး လိမ်မိတာ မကောင်းတဲ့ အကုသိုလ်တစ်ခုပဲ၊ ငါ အပါယ်ငရဲကျတော့မယ်" ဆို ပြီး ကြောက်လန့်တကြားနဲ့ သူ့ကိုယ်သူ နှိပ်ကွပ်လိုက်

တာ - မုသာဝါဒရဲ့ အပြစ်နဲ့ တရားဓမ္မတွေကို ရှုလို့ ခုန ပစ္စေကဗုဒ္ဓတွေလိုပဲ ဆင်ခြင်သုံးသပ်လိုက်တာ လိမ်မိတာကို အကြောင်းပြုတဲ့ သံဝေဂအခြေခံနဲ့ ပစ္စေကဗုဒ္ဓ ဖြစ်သွားတယ်၊ အဖေလုပ်တဲ့သူက ဘာမှ မဖြစ်ဘူး၊ သားလုပ်တဲ့သူက ပစ္စေကဗုဒ္ဓ ဖြစ်တယ်၊ ဘာပြုလို့လဲဆိုတော့ အတိတ်ဘဝက ကုသိုလ်ကံတွေ ရှိနေခဲ့လို့၊ ဒါ သာမန် အကုသိုလ်လေးတွေကိုပဲ ကိုယ့်ကိုယ်ကို မညှာမတာ ဝေဖန်ပြီးတော့ ကိုယ့်ရဲ့ အားကိုးရာအစစ်ကို ရှာသွားကြတဲ့ သူတော်ကောင်းကြီးတွေပဲ။

**စတုတ္ထပစ္စေကဗုဒ္ဓ**

နောက် စတုတ္ထမြောက် ပစ္စေကဗုဒ္ဓက ဘယ်လို ပြောသလဲ၊ သူကလည်း ကာသိတိုင်းက သူကြီးတစ်ဦးပေါ့၊ ရွာသူကြီးက သူ့ရွာကလူတွေကို ကျွဲနွားတွေကို မသတ်ရဘူး၊ ကျွဲနွားအသား မပေါ်ရဘူးလို့ အမိန့်ထုတ်ထားတယ်၊ အဲဒီလို အမိန့်ထုတ်ထားတာ

ဟာ တိရစ္ဆာန်တွေကို သနားလို့ အမိန့်ထုတ်ထား တာ၊ သို့သော် ရှာသူရှာသားတွေက စုသွားပြီးတော့ "ကျုပ်တို့ ထုံးစံအတိုင်း ဆိတ်တွေ နွားတွေ သတ်ပြီး ယဇ်ပူဇော်ရမယ် ထုံးစံဖျက်လို့ မရဘူး၊ သူကြီး မ ပိတ်ပင်ပါနဲ့"၊ "ဒါဖြင့် မင်းတို့ထုံးစံရှိတာ လုပ်ချင် လုပ်ကြပေါ့" လို့၊ အဲဒီလို အခွင့်ပေးလိုက်တဲ့အခါ သတ်ကြတယ်၊ အခုခေတ်လည်း ရှိတယ်မို့လား - အသားငါးတွေ ပေါ်ကြတဲ့အခါကျတော့ သူကြီးက ခွင့်ပြုလို့ ဖြစ်သွားတယ်။

သူကြီးက စိတ်မကောင်းဖြစ်သွားတယ်၊ "ငါ အခွင့်ပေးလိုက်လို့ ဒီအကောင်တွေ သေကြတာပဲ၊ ဒီအကုသိုလ်တွေက ငါ့ဆီလည်း ရောက်မှာပဲ" လို့ ကြောက်သွားတယ်၊ အကုသိုလ်ရဲ့အပြစ်ကို ဆင်ခြင်၊ ကုသိုလ်တွေရဲ့ အကျိုးကို ဆင်ခြင်ပြီးတော့ သူက လည်း အတိတ်ဘဝက တရားလမ်းကြောင်းကို လျှောက်ခဲ့ဖူးသည့် ပုဂ္ဂိုလ် ဖြစ်သည့်အတွက်ကြောင့် သဒ္ဓါရတရားတွေကို မြင်ပြီး နောက်ဆုံးတော့ ပစ္စေက

ဗုဒ္ဓဘာဝ ရောက်သွားတယ်၊ သူကလည်း ဒီလိုပစ္စေကဗုဒ္ဓ ဖြစ်သွားတယ်။

**ပဉ္စမပစ္စေကဗုဒ္ဓ**

ပဉ္စမမြောက်ကတော့ ဘုရင်ကြီးက မေးလျှောက်တဲ့အခါ သူက ကာသိရွာက ရွာသူကြီးတစ်ယောက်ပဲ၊ သူ့ရွာမှာ အရက်သေစာ မသောက်စားရလို့ အမိန့်ထုတ်ထားတယ်၊ အဲဒီလို အမိန့်ထုတ်ထားတော့ အရက်သေစာ သောက်စားဖို့နဲ့ ကြုံတော့ ရွာသူရွာသားတွေက သွားပြီး ပြောကြတာပေါ့၊ "သူကြီး - ကျုပ်တို့ အစဉ်အလာအရ အရက်ပွဲတော် ဘီယာပွဲတော် ကျင်းပရတယ်၊ အစဉ်အလာကို ဖျက်လို့ မဖြစ်ဘူး" ဆိုတော့ သူက "လုပ်ကြပေါ့" လို့ ခွင့်ပေးလိုက်တယ်၊ အဲဒီလို ခွင့်ပေးလိုက်တဲ့အခါ အရက်သေစာတွေ သောက်စားပြီး ရမ်းကြတာပေါ့၊ သွေးထွက်သံယိုဖြစ်ပြီး ရပ်ကွက်ရုံးကို ရောက်ကြတယ်။

အဲဒီတော့ သူကြီးက စိတ်မကောင်းဖြစ်တယ်၊ "ဒီကောင်တွေ ရှူးကြ ရိုက်ကြနဲ့ ပေါက်ပြဲကုန်တာပေါ့ ခုပြဿနာဖြစ်ကြပြီ၊ ဒီပြစ်မှုတွေဟာ ငါနဲ့ပတ်သက်နေတယ်" ဆိုပြီး စိတ်မကောင်းဖြစ်တယ်၊ သာမန်ပုဂ္ဂိုလ်ဆို စိတ်မကောင်းဖြစ်မှာ မဟုတ်ဘူး၊ ထူးခြားတဲ့ အသိဉာဏ်ရှိတဲ့သူကျတော့ စိတ်မကောင်း ဖြစ်မှာပေါ့၊ အပြစ်ကြီးတစ်ခုလို စိတ်ထဲမှာထင်လာတယ်၊ ဒါ့ကြောင့်မို့ "အကုသိုလ်တရားတွေရဲ့အပြစ်ဟာ အလွန်ကြီးမားပါလား၊ ငါလည်းပဲ ဒီအကုသိုလ်တရားတွေနဲ့ ဆက်ပြီးနေမယ်ဆိုရင် ငရဲရောက်တော့မှာပဲ"ဆိုပြီး အကုသိုလ်တရားတွေရဲ့ အပြစ်ကို ဆင်ခြင်ရင်း အဆင့်ဆင့် သင်္ခါရတရားတွေရဲ့ ဖြစ်ပျက်မှုတွေ ဆင်းရဲမှုတွေ ကိုယ်ရဲ့အလိုဆန္ဒအတိုင်း မဖြစ်ဘူးဆိုတဲ့ သဘောတွေကို ဆင်ခြင်ရင်း နောက်ဆုံး သူလည်း ပစ္စေကဗုဒ္ဓ ဖြစ်သွားတယ်။

အားလုံးပေါင်း ပစ္စေကဗုဒ္ဓ ၅-ဆူ ဖြစ်တယ်၊ သို့သော် တူညီတာက ဘာလဲ ဆိုတော့ ကိုယ့်ကိုယ်

ကို နှိပ်ကွပ်တာပဲ၊ ကိုယ့်ကိုယ်ကို နှိပ်ကွပ်ပြီး ဆုံးမလို့ ယဉ်ကျေးသွားလို့ တရားထူးတရားမြတ် ရကြတာ၊ ကိုယ့်ကိုယ်ကို ညှာတဲ့ပုဂ္ဂိုလ် ဘာမှ မဖြစ်ဘူး၊ ကိုယ့်ကိုယ်ကို ညှာတဲ့ပုဂ္ဂိုလ်လည်း ဘာမှ မဖြစ်ဘူး၊ တရားထူးတရားမြတ် မရဘူး၊ ရင်ထဲရှိတဲ့ တရားထူးတရားမြတ်ကို မတွေ့နိုင်ကြဘူး၊ ကိုယ့်ကိုယ်ကို မညှာမတာ ဆုံးမတယ်၊ ကိုယ့်ကိုယ်ကို မညှာတဲ့ပုဂ္ဂိုလ်တွေကျတော့ တကယ် တရားထူးတရားမြတ်ကို ရရှိသွားကြတယ်။

၅၅၀-ထဲမှာ ပါနီယဇာတ်ဆိုတာ ရှိတယ်၊ အဲဒီလို သူတော်စင် သူတော်မြတ်တွေဟာ **"အတ္တာ ဟိ အတ္တနော နာထော"** "မိမိသည်သာ မိမိ၏ ကိုးကွယ်ရာ" ဆိုသည့်အတိုင်း ကိုယ့်ကိုယ်ကို ကိုးကွယ်ရာ အစစ်ဖြစ်အောင် လုပ်ကြပါ၊ အဲဒီပုဂ္ဂိုလ်တွေဟာ ထပ်ပြီးတော့ အပါယ်ငရဲ ကျစရာ မရှိတော့ဘူး၊ ကိလေသာတွေလည်း မဖြစ်တော့ဘူး၊ ထာဝရငြိမ်းချမ်းပြီး နောက်ဆုံး သူတို့ရဲ့သန္တာန်မှာ ရုပ်နာမ်ဓမ္မ

သခ်ါရ အကြောင်းတရား ပြတ်သွားလို့ နောက်ဆုံး ပြန်မဆက်တော့ဘဲ အငြိမ်းဓာတ်တစ်ခုကို ရရှိသွားကြမှာ ဖြစ်တယ်၊ အဲဒီအငြိမ်းဓာတ်သာ နာထ - တကယ့်အားကိုးရာအစစ် ဖြစ်တယ်။

သားသမီးအားကိုးရင် အပေါ်ယံပဲ ရမယ်၊ ဆွေမျိုးအားကိုးရင် အပေါ်ယံပဲ ရမယ်၊ ဆင်းရဲက လွတ်သည်အထိ အားကိုးရာ ဖြစ်ပါ့မလား၊ ကျန်တာတွေက သာမန်အားကိုးရာသာ ဖြစ်တယ်၊ ဒါ့ကြောင့် မို့ -

**"အတ္တာ ဟိ အတ္တနော နာထော၊**
**ကော ဟိ နာထော ပရော သိယာ၊**
**အတ္တနာ ဟိ သုဒန္တေန၊**
**နာထံ လဘတိ ဒုလ္လဘံ။"**

**အတ္တာ ဟိ** - မိမိကိုယ်တိုင်သာလျှင်, **အတ္တနော** - မိမိရဲ့, **နာထော** - ကိုးကွယ်အားထားရာ ဖြစ်ပါတော့၏၊ **ကော ဟိ နာထော ပရော သိယာ** -

မိမိမှတစ်ပါး ကိုးကွယ်ရာဟု အဘယ်မည်သော ပုဂ္ဂိုလ်သည် အားထားရာ ဖြစ်နိုင်ပါမည်နည်း၊ **အတ္တနာ ဟိ** - မိမိကိုယ်တိုင် နှိပ်ကွပ်ဆုံးမ၍ အလွန်ယဉ်ကျေးမှုသာလျှင်၊ **နာထံ ဒုလ္လဘံ** - အလွန်တရာမှ ရခဲလှသော အားကိုးရာအစစ်ဆိုတဲ့ တကယ့်တရားထူးတရားမြတ် အရဟတ္တမဂ်, အရဟတ္တဖိုလ်ဆိုတဲ့တရားကို၊ **လဘတိ** - မုချမသွေ ရနိုင်ပါသည်ဟု၊ **ဘဂဝါ** - ရွှေဘုန်းတော်သခင် ရှင်တော်မြတ်ဘုရားသည်၊ **အဝေါစ** - ကောင်းစွာမသွေ ဟောကြားတော်မူခဲ့ပါပေသတည်း။

# မေတ္တာမိတ်ဆွေများသို့

ပါမောက္ခချုပ်ဆရာတော် ဒေါက်တာ အရှင်နန္ဒမာလာဘိဝံသ ဟောကြားအပ်သော တရားများကို အသံမှ စာအဖြစ် စေတနာရှင်များက ရေးကူးကာ စာမူများကို ဆရာတော်ကြီးထံပေးပို့ကြပါသည်။ ဆရာတော်ကြီး ကိုယ်တိုင် အချိန်ရသမျှ ပြင်ဆင် တည်းဖြတ်ပေးသော စာမူများကို ကုသိုလ်ရှင်များလှူဒါန်းထားသော မေတ္တာစာပေရန်ပုံငွေများ အသုံးပြုလျက် စာအုပ်ငယ်များ ရိုက်နှိပ်ထုတ်ဝေပါသည်။

တရားစာအုပ်များကို တစ်ဆင့် မေတ္တာဒါနပြုလုပ် ဖြန့်ဝေလှူဒါန်း လိုပါက ဖော်ပြပါ ဌာနများသို့ ဆက်သွယ်မှာကြားနိုင်ပါသည်။

# ရရှိနိုင်သော ဌာနများ

၁။ အောင်ဇမ္ဗူ ပုံနှိပ်တိုက်
အမှတ်(၁၅၂)၊ (၂၂)လမ်း၊ လသာမြို့နယ်၊
ရန်ကုန်မြို့။
ဖုန်း ၀၁-၃၈၄၁၉၃၊ ၀၉၅၁-၄၆၀၉၅

၂။ ဦးဘဖိုး+ဒေါ်အုန်းကြည် ပရဆေးဆိုင်
အမှတ်(၄၆၇၊ ၄၆၈)၊ သိမ်ကြီးဈေး(ဒီ)ရုံ၊
မြေအောက်ထပ်။
ဖုန်း ၀၁-၂၄၀၆၀၀(လိုင်းခွဲ) ၄၁၇၄

၃။ ဓမ္မဗျူဟာ သာသနမာမကအဖွဲ့
လူပုဂ္ဂိုလ်များဆိုင်ရာဓမ္မစာပေသင်တန်းကျောင်း
ကြားတောရလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း ၀၁-၃၈၀၈၈၀

၄။ အပြည်ပြည်ဆိုင်ရာ အဘိဓမ္မာတက္ကသိုလ်
ကမ္ဘာအေးစေတီဝင်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်။
ဖုန်း ၀၁-၆၅၅၇၅၆၊ ၀၁-၆၅၁၇၆၉

# အရှင်နန္ဒမာလာဘိဝံသ

## ၏

## ထုတ်ဝေပြီး ဓမ္မစာအုပ်များ


အဘိဓမ္မာ မြတ်ဒေသနာ(ပထမတွဲ)

၁။ နိဗ္ဗာန်တံခါးကြီး ဖွင့်တော်မူပါ

၂။ မဟာသတိပဋ္ဌာနသုတ် အနှစ်ချုပ်

၃။ ဘဝအသွင်ကို ဓမ္မအမြင်ဖြင့် ရှုကြည့်ခြင်း

၄။ ဘဝခရီးဝယ် ရွေးချယ်ရမည့်လမ်း

၅။ သူတော်ကောင်းတို့၏ စိတ်နေသဘောထား

၆။ ဘဝအရေး စိတ်အေးရလေအောင်

၇။ ဓမ္မကြေးမုံ

၈။ တောင်ပို့ထဲက ရတနာ

၉။ မြတ်သောဥစ္စာ စုဆောင်းပါ

၁၀။ သမထနှင့် ဝိပဿနာ

၁၁။ ရောဂါကုစား စိတ်စွမ်းအား

၁၂။ ရှစ်ယောက်နှင့်တစ်ယောက်

၁၃။ မိတ်ကောင်းဆွေကောင်း

၁၄။ မေတ္တာနှလုံး အစဉ်သုံး

၁၅။ လူ့ဖြစ်ကျိုးနပ်ပါစေ

၁၆။ မေတ္တာသုတ်အနှစ်ချုပ်

၁၇။ ဘဝဆည်းဆာ ကရုဏာ

၁၈။ ဥပုသ်စောင့်ခြင်း အဓိပ္ပါယ်

၁၉။ ဓမ္မမှတ်ကျောက်

၂၀။ ဓမ္မအသိဖြင့် အကျိုးရှိရှိနေမည်
၂၁။ နှစ်ဦးကာလ ဓမ္မလက်ဆောင်
၂၂။ မြတ်ဗုဒ္ဓဒေသနာနှင့် ယနေ့ကမ္ဘာ
၂၃။ ယနေ့လူသားများရဲ့ မနက်ဖြန်ကမ္ဘာ
၂၄။ မင်္ဂလသုတ်အနှစ်ချုပ်
၂၅။ သာရဏီယတရား
၂၆။ ရသ တဏှာ
၂၇။ ဓမ္မဗျူဟာအသင်းသူ/သားများ၏ အမေးကိုဖြေဆိုခြင်း
၂၈။ သေချာသောလမ်းမှ လျှောက်လှမ်းပါ
၂၉။ မဟာဒါန
၃၀။ စိတ်၏ထွက်ပေါက်များ
၃၁။ ဖြစ်နိုင်တာနှင့် မဖြစ်နိုင်တာ
၃၂။ အရှင်အာနန္ဒ၏ ဝိပဿနာ
၃၃။ န စ သော၊ န စ အညော
၃၄။ လူတိုင်းကျင့်ရန် သတိပဋ္ဌာန်
၃၅။ စိတ်၏အတွေးများ
၃၆။ ဥပါဒါနပစ္စယာဘဝေါ
၃၇။ သတိမဂ္ဂါ အသိပညာဖြင့် နေထိုင်ခြင်း
၃၈။ အတ္တာဟိအတ္တနောနာထော
၃၉။ ဗောဇ္ဈင်္ဂသုတ် အနှစ်ချုပ်
၄၀။ ပြောသူ နာသူ စိတ်ထားဖြူ

# ဓမ္မစာပေဖြန့်ပွားရေး
# ထေရဝါဒသာသနာပြု အလှူရှင်များ

(တမျက်နှာကိုင့်ကွက်၍ ကျပ်တစ်သိန်းနှင့်အထက် အလှူရှင်များကိုသာ ဖော်ပြပါမည်)

၁။ အနန္တငါးပါးနှင့် ကျေးဇူးရှင် အပြည်ပြည်ဆိုင်ရာ
ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်ပါမောက္ခချုပ်
ဆရာတော် ဘဒ္ဒန္တနန္ဒမာလာဘိဝံသ(Ph.D)ကို
ဦးထိပ်ထားလျက် ဘိုးဘွားမိဘဆွေမျိုးများနှင့်
ဦးတင်စိုးတို့အားရည်စူး၍ ဒေါ်လှခင်မိသားစု။
(ကိုကျော်သင်းဆေးဆိုင်)မင်္ဂလာဈေး။ ရန်ကုန်။ (သိန်းတစ်ရာ)

၂။ ဦးအုန်းကျော်+ဒေါ်ခင်မမ (သိန်းငါးဆယ်)
သား မောင်မြတ်မင်းထင်ကျော်၊
မောင်ရဲမင်းသွင်ကျော်၊
သမီး မကြည်လဲ့ရွှန်းကျော် မိသားစု။ ရန်ကုန်။

၃။ ဒေါက်တာမြမြဝင်း၊ ဒေါက်တာဆန်းဆန်းဝေ (ရှစ်သိန်း)

၄။ ဦးမြင့်သန်း+ဒေါ်ခင်မမ (ငါးသိန်း)
ရုပ်ရှင်ဗမာပွဲရုံ၊ မန္တလေးမြို့။

၅။ ပြုံး မိသားစု၊ ရန်ကုန်မြို့။ (ငါးသိန်း)

၆။ ဦးသက်ဦး+ဒေါ်တင်တင်ဝင်း၊ သမီး စုနန္ဒာဦး။ (ငါးသိန်း)
ရန်ကုန်မြို့။

၇။ ဦးကျော်လင်း+ဒေါ်အေးစီကျော်လင်း(အေးစီကျော်လင်း ပွဲထိုင်ဧ) (ငါးသိန်း)

၈။ ကောင်းမြတ်စံ ပညာရေး(မန္တလေး) (ငါးသိန်း)

၉။ ဦးခင်ရွှေ+ဒေါ်မေလှိုင် မိသားစု။ ရန်ကုန်မြို့။ (သုံးသိန်း)
၁၀။ Singapore မှ အလှူရှင်များ (သုံးသိန်း)
၁၁။ ဦးချစ်မွှေး+ဒေါ်မြင့်မြင့်ရီ (သုံးသိန်း)
သား မောင်ဝေလှုံဦး၊ သမီး မမေမြတ်သူခိုင်
မိသားစု။ ရန်ကုန်မြို့။
၁၂။ ဦးသောင်းငွေ+ဒေါ်ခင်စောဝင်း မိသားစု (သုံးသိန်း)
သား-မင်းသောင်းခန့်၊ ကျော်ညီညီခန့်။ (၇)မိုင်ခွဲ
၁၃။ ဦးဝင်းထွန်းသိန်း+ဒေါ်ကြူကြူသင်း (သုံးသိန်း)
သမီး မေပူးခင်၊ စုရတီ မိသားစု၊ ဝါးတန်းလမ်း။
၁၄။ ကွယ်လွန်သူ ဖခင်ဦးအောင်သိန်း+မိခင်ဒေါ်စောကြည် (သုံးသိန်း)
အား ရည်စူး၍ သမီး မသန်းသန်းအေး၊ မချယ်ရီမော်
၁၅။ ဦးမောင်မောင်အေး+ဒေါ်ခင်ခင်စု(OLGA) (သုံးသိန်း)
သမီး သင့်သင့်သူမိသားစု၊ ရန်ကုန်မြို့။
၁၆။ ရွှေစေတီတောရဆရာတော်အား အမှူးထား၍ (နှစ်သိန်းငါးသောင်း)
ဒေါ်ငွေငွေတင့်၊ သမီး ဆောင်းဝတ်ရည်တင့်
မိသားစု။ နေပြည်တော် စည်ပင်။
၁၇။ ဦးညီညီ+ဒေါ်မြင့်မြင့်ခင် မိသားစု၊ အလုံ။ (နှစ်သိန်း)
၁၈။ မိဘများအား ရည်စူး၍ (နှစ်သိန်း)
ဦးမြင့်အောင်+ဒေါ်သန်းသန်းဝင်း။
သား ကိုသူရိန်အောင်၊ သမီး ဆုမွန်ချမ်းအောင်
မိသားစု။ ဒိုက်ဦးမြို့။

၁၉။ ဘိုးဘွားမိဘများနှင့် ဦးကြည်လွင်အား ရည်စူး၍ (နှစ်သိန်း)
ဒေါ်စောတင်အေး မိသားစု။
တိုက် ၁၅၊ အခန်း ၄၀၁၊ အောင်သပြေလမ်း။
ယုဇနပလာဇာအနောက်၊ မင်္ဂလာတောင်ညွန့်။
၂၀။ သင်္ဂဟာဓမ္မရက္ခိတ တရားပွဲအလှူရှင်၊ မန္တလေးမြို့။ (နှစ်သိန်း)
၂၁။ ဒေါက်တာဦးမျိုးလွင်(၇၅ နှစ်ပြည့်မွေးနေ့) (နှစ်သိန်း)
၂၂။ ဦးထွန်းလင်း+ဒေါ်နွယ်နွယ်စန်း
အမှတ် ၆၀၊ ရွှေလှောင်းလမ်း၊ စမ်းချောင်း။ (နှစ်သိန်း)
၂၃။ ဦးစံသာ+ဒေါ်မေဦးခင်၊ သမီး-စံသာရတနာ (တစ်သိန်းငါးသောင်း)
သား - မောင်စံသာသုခ မိသားစု။ ရန်ကုန်မြို့။
၂၄။ ကိုအောင်နိုင်ဌေး+မသော်သော်အောင်၊ (တစ်သိန်းငါးသောင်း)
ဘုန်းမြတ်ပိုင်၊ ယွန်းလဲ့အိမ်။ ရန်ကုန်။
၂၅။ ဦးထွန်းလှ+ဒေါ်ကြင်မေ၊ သမီး ဒေါ်ဝင်းဝင်းကြည်၊
ဒေါ်လေးလေး၊ ဒေါ်အေးအေး (တစ်သိန်းနှစ်သောင်း)
၂၆။ ဒေါ်ခင်းကြည်၊ တူမ မနုနုယဉ်၊ တူ မောင်အောင်ဖုန်း
(တစ်သိန်းတစ်သောင်းတစ်ထောင်)
၂၇။ ရွှေပြည်ဟိန်းဆရာတော်ဖေမယ်တော်ကြီး ဒေါ်အမာ။
(တစ်သိန်းတစ်သောင်း)
၂၈။ ဦးမြဟန်+ဒေါ်သီတာစိ မိသားစု။ (တစ်သိန်း)
၂၉။ ဦးကျော်ဆန်းလွင်+ဒေါ်မြင့်မြင့် (တစ်သိန်း)
သမီး မမြတ်ပန်းအေး၊ မပူးပွင့်ဟန်၊ ရန်ကုန်မြို့။

၃၀။ ဦးအောင်+ဒေါ်လှစိန် (တစ်သိန်း)
"အောင်သပြေ" ငါးခြောက်ရောင်းဝယ်ရေး မုံရွာမြို့။

၃၁။ ဦးဝင်းမြင့်+ဒေါ်ခင်မေဝင်း (တစ်သိန်း)
နေ-လ ဆေးဆိုင်၊ အလယ်ရပ်၊ မုံရွာမြို့။

၃၂။ ဖခင်ကြီး ဦးသိန်းကြည်အား ရည်စူး၍ မိခင်ကြီး
ဒေါ်သန်းကြည်အား အမှူးထားလျက်
ဒေါ်မြသိန်းနှင့် မောင်နမတစ်စု၊ ရန်ကင်းမြို့နယ်။ (တစ်သိန်း)

၃၃။ ဦးရဲမြင့်+ဒေါ်သန်းသန်းနွယ် မိသားစု (တစ်သိန်း)
ကမာရွတ်မြို့နယ်။

၃၄။ ရွှေတောင်ဦးမော် ဆရာတော်၊ စစ်ကိုင်းမြို့။ (တစ်သိန်း)

၃၅။ ဦးခင်မောင်လွင်+ဒေါ်ခင်ပြုံး မိသားစု၊ နေပြည်တော်။ (တစ်သိန်း)

၃၆။ မိဘများနှင့် ဦးငွေသိန်းကို ရည်စူး၍ (တစ်သိန်း)
ဒေါ်ရှုယ်လီ၊ သား ကိုရန်နိုင်ဗိုလ်+မခိုင်ရီမွန်
မိသားစု။ ဒိုက်ဦးမြို့နယ်။

၃၇။ ဒေါ်ညိုညိုလွင်၊ ဒေါ်ခင်လှတင် မွေးနေ့အလှူ။ (တစ်သိန်း)

၃၈။ ဦးသင်းအောင်+ဒေါ်စန္ဒာဝင်းအောင် (တစ်သိန်း)
သမီး-မပိုင်းဝိုင်းပြည့်၊ သား-မောင်ထိန်လင်း

၃၉။ ဦးဝင်းလွင်+ဒေါ်ဖြူဖြူဝင်း (တစ်သိန်း)
သား-မောင်အောင်ထွန်းကျော်၊ မောင်ပြည့်ဖြိုးမင်း၊
သမီး-မခင်ငြိမ်းချမ်းဝင်း

၄၀။ မိဘများဖြစ်သော ဦးလှလှ+ဒေါ်ခင်သိန်းတို့ကိုရည်စူး၍ (တစ်သိန်း)
ဒုတိယဗိုလ်မှူးကြီးကိုကိုကြီး+ဒေါ်စီပယ်လှ မိသားစု။

၄၁။ ဦးစိုင်းမောင်ရွှေ+ဒေါ်နန်းအေးလှ။ နယ်မြေ(၅)၊ ရပ်ကွက်(၁၂)၊ လားရှိုးမြို့။ (တစ်သိန်း)

၄၂။ ဦးကျော်ထွန်း+ဒေါ်စန်းစန်းဝင်း မိသားစု။ Toshiba Electronic ရန်ကုန်မြို့။ (တစ်သိန်း)

၄၃။ ဦးသိန်းဟန်(ဆရာဇော်ဂျီ)အား ရည်စူးလျက် မိခင်ကြီးဒေါ်စောရင်အား အမှူးထား၍ ဒေါက်တာခင်အုန်းဟန်မိသားစု၊ ရန်ကုန်မြို့။ (တစ်သိန်း)

၄၄။ ဒေါ်သင်းသင်းနွယ်၊ အမရပူရ။ (တစ်သိန်း)

၄၅။ ဦးထိန်လင်း+ဒေါ်နန်းထိပ်စံ။ ၂၈/ဘီးရွှေတောင်ကြား ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။ (တစ်သိန်း)

၄၆။ ဒေါက်တာဦးမောင်မောင်ခင်+ဒေါ်ခင်ခင်အုန်းမိသားစု၊ ရန်ကုန်မြို့။ (တစ်သိန်း)

၄၇။ ဦးကျော်မြင့်အား ရည်စူး၍ ဒေါ်သိန်းသိန်းမြင့် မိသားစု၊ ကျောက်မြောင်း။ (တစ်သိန်း)

၄၈။ နှစ်ပက်ဘိုးဘွားများ အမှူးထား၍ ဦးဇော်ဝင်းလှိုင်+ဒေါ်မြတ်ကေခိုင်၊ သမီး-မမြတ်ရတနာလှိုင် (သဒ္ဒါ-သက်နိုးတိုက်) မိသားစု၊ ရန်ကုန်မြို့။ (တစ်သိန်း)

၄၉။ ဦးသိန်းစိုး+ဒေါ်ဘီးတင်၊ သား-စောသိန်းငွေ၊ နေလင်းစိုး၊ သမီး-လင်းသန္တာစိုး၊ တင်မိုးဝင်း၊ ဖြိုးဖြိုးသိန်းစိုး မိသားစု။ (တစ်သိန်း)

၅၀။ ဦးလှထွန်း+ဒေါ်ခင်မြတ်လှ၊ သားကြီး-မောင်ကျော်ဇေယျာထွန်း၊ သားလတ်-မောင်ကောင်းထက်ဇော်၊ သမီးငယ်-မလှမြတ်သွေး၊ ၄၅၊ ရန်ကင်းလမ်း၊ စမ်းချောင်း။ (တစ်သိန်း)

၅၁။ ကျေးရွာရှင်ဆရာကြီး ဦးဘခင်(၁၉.၁.၇၁-၁၉.၁.၁၁) (တစ်သိန်း)
အားရည်စူး၍ သင့်သင့်သူ မိသားစု။

၅၂။ မဥ္ဇူသကာဓမ္မအဖွဲ့ (တစ်သိန်း)

၅၃။ ဦးကျော်ထွန်းနှင့် မောင်ကျော်ဇောထွန်းတို့အား (တစ်သိန်း)
ရည်စူး၍ ဒေါ်အေးသန်းမိသားစု(ကြည်တော်အိမ်ရာ)

၅၄။ မှူဆယ်မှ အလှူရှင် (တစ်သိန်း)

၅၅။ ကွယ်လွန်သူ ဦးအောင်ဖြိုး(၁-နစ်ပြည့်)အားရည်စူး၍ (တစ်သိန်း)
ရွှေစင်ရတနာရွှေဆိုင်၊ ၂ ရပ်ကွက်၊ ဘူတာလမ်း၊
နိုက်ဦးမြို့။

၅၆။ ဒေါ်ရင်မြင့်၊ သမီး မစံပယ်၊ မယုဇန မိသားစု။ (တစ်သိန်း)

၅၇။ စစ်ကိုင်းတိုင်း တိုင်းရဲတပ်ဖွဲ့မှူး ရဲမှူးကြီးသူရတင်လှ+ (တစ်သိန်း)
ဇနီးဒေါ်မြမြလွင်၊ သားကြီး ကောင်းမြတ်သူ+
မမြတ်စုမွန်အောင်၊ သားငယ် ကောင်းစည်သူ၊ မုံရွာ။

၅၈။ ဦးသင်းအောင်+ဒေါ်စန္ဒာဝင်းအောင် (တစ်သိန်း)
သမီး မဝိုင်းဝိုင်းပြည့်၊ သား မောင်ထိန်လင်း

၅၉။ မိခင် ဒေါ်ခင်နင်းရီအားရည်စူး၍ ဖခင်ဦးသန်းလွင်နှင့် (တစ်သိန်း)
သမီး မခင်ခင်စုဏ်မွေးနေ့အလှူ။
နင်းစာပေရတနာ၊ ဓမ္မစာပေဖြန့်ပွားရေး

၆၀။ ဦးစိန်လှိုင်+ဒေါ်နုနုနိုင် သားသမီးမြေးတစ်စု။ (တစ်သိန်း)
ဟံသာရိပ်မွန်အိမ်ရာ။